ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ စနေနေ့ (23-4-2011) (၆၇၃၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့လက်ထက်တွင် နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်ပြီးဆောင်ရွက်ကြရမည်ဖြစ်။ ဤလုပ်ငန်းများ မြန်မြန်ပြီးမြောက်မှသာ ပြည်သူလူထုအနေဖြင့် မြန်မြန်အကျိုးခံစားကြရမည်ဖြစ်။

အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံသားများ၏ စားဝတ်နေမှု ပြည့်စုံပြုလုံရေးအတွက် လယ်ယာကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံတိုးတက်အောင် ဆောင်ရွက်ကြရမည်

မြေရှိလျှင် အလုပ်ရှိရမည်၊ ရေရှိလျှင် အလုပ်ရှိရမည်ဆိုသောခံယူချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များအောင် ဖန်တီးဖော်ဆောင်ပေးပြီး လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက် အသုံးချ

နေပြည်တော် ဧပြီ ၂၂

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ The Mirror
၂၃-၄-၂၀၁၁
(စနေနေ့)

မျိုးကောင်းမျိုးသန့်စပါးမျိုးများ ပိုမိုထုတ်လုပ်

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားများစွာ ပါဝင်နေသည်။ ထို့ကြောင့်ပင် စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နိုင်ငံ၏လူဦးရေ အများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးနိုင်ရေး၊ သီးနှံစုံ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး အစီအမံများ ဖန်တီးဖော်ဆောင်ပေးနေသည်။ အထူးသဖြင့် လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေကြီး ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးတို့အတွက် ဆည်တမံပေါင်း ၂၀၀ ကျော်ကို တည်ဆောက်ပေးထားပြီဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် စပါးနှင့်အခြားသီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရပေမည်။သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရုံသာမက စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုများ အချိုးအစားမှန်ကန်စွာအသုံးပြုရေးနှင့် အလေအလွင့်နည်းပါးရေးတို့သည်လည်း ဂရုပြုဆောင်ရွက်ကြရမည့် အချက်များဖြစ်သည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေးအထူးဇုန်များ ဖော်ထုတ်ရေးတို့ကို အားပေးနေသည်။ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ရယူအသုံးပြုနိုင်ရေး ကူညီလျက်ရှိသည်။ ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်များ အောင်မြင်မှုရရှိနေပြီ။ အချို့အထူးဇုန်များတွင် စပ်မျိုး စပါးမျိုးများ စမ်းသပ်ထုတ်လုပ်စိုက်ပျိုးလျက်ရှိရာ တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိနေပြီ။ အဆိုပါစပ်မျိုးစပါး မျိုးစေ့များ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းကြရပေမည်။

တစ်ဧကအထွက်နှုန်း တိုးတက်ရေးတွင် လယ်ယာလုပ်ငန်းခွင်၌ သွင်းအားစုများ အချိုးအစားမှန်ကန်စွာ ထည့်သွင်းအသုံးပြုရေးသည်လည်း အရေးပါသည်။ မြေဆီလွှာဂုဏ်သတ္တိ တိုးတက်ကောင်းမွန်ရေး သဘာဝမြေသြဇာများ ပိုမိုထုတ်လုပ်အသုံးပြုသင့်သည်။ သဘာဝမြေသြဇာကို အပင်အတွက် အာဟာရဖြစ်စေသည့် မြေဆွေး၊ သစ်ရွက်ဆွေး၊ တိရစ္ဆာန်အညစ်အကြေးများနှင့် အပင်အစိတ်အပိုင်းများဖြင့် ပြုလုပ်အသုံးပြုကြသည်။ လယ်ယာဥယျာဉ်ခြံမြေတို့၏ မြေဆီလွှာပျက်စီးမှုကို ပြုပြင်ပေးနိုင်သည့်အပြင် ပိုးမွှားနှင့်ရောဂါများ ကာကွယ်နိုင်ပြီး ဓာတုဓာတ်ကြွင်းအန္တရာယ်ကင်းသည့် သီးနှံများထွက်ရှိလာမည်ဖြစ်သည်။

သက်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဌာနများက အထွက်တိုးစပါးမျိုးများ ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများက မြေလွတ်မြေရိုင်းများ၊ စိုက်ပျိုးရေးဇုန်များ တိုးချဲ့ဖော်ထုတ်ခြင်း၊ သဘာဝမြေသြဇာများ ပိုမိုထုတ်လုပ်သုံးစွဲခြင်းတို့ဖြင့် လယ်ယာကဏ္ဍ အရည်အသွေးကောင်းသီးနှံများ တိုးတက်ထုတ်လုပ်ထွက်ရှိလာမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းနေ ဦးညွန့်-ဒေါ်စန်းညွန့်၊ သား-ဦးထင်အောင်-ဒေါက်တာမီမီအောင်ခင်၊ မြေး-ဒေါက်တာသော်ထင်အောင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည်အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သက်ကြီးပူဇော်ပွဲနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနား မြင်းမူမြို့နယ် လက်ပံစံပြကျေးရွာ၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၂

၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပညာသင်စရိတ် ထောက်ပံ့လှူဒါန်းခဲ့သော ထာဝရကုသိုလ်ရှင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍဗိုဇလ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးစီး၍ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဒကာ၊ ဒကာမ မိသားစုများက စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် လက်ပံစံပြကျေးရွာမှ အသက်(၇၀) နှင့်အထက်ရှိ အဘိုး ၄၉ ဦးနှင့် အဘွား ၇၅ ဦး စုစုပေါင်း ၁၂၄ ဦးတို့အား သက်ကြီးပူဇော်ပွဲနှင့် မြင်းမူမြို့နယ်နှင့် မြောင်မြို့ရှိ ကျေးရွာ ၁၄ ရွာမှ ကျောင်းသား၊ ကျောင်းသူ ၂၀၇၈ ဦး၊ ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၁၃၃ ဦးတို့အား ငွေကျပ် ၃၇၅ သိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် မြင်းမူမြို့နယ် လက်ပံစံပြကျေးရွာ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်ပြီး အသက်(၇၀)နှင့် အထက် အဘိုး၊ အဘွားတို့အား အဝတ်အထည်၊ ဆေးဝါးများ လှူဒါန်းကာ အဘိုး၊ အဘွားများကိုယ်စား ဦးစိန်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ အလှူရှင်များ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် စင်ကာပူနိုင်ငံမှ မစ္စတာစီဟောက်ချန်နှင့် မစ္စတာသောမတ်၊ မလေးရှားနိုင်ငံမှ မစ္စတာဟာမန်လင်းတို့က ကျောင်းဝတ်စုံများ၊ လွယ်အိတ်များ၊ စာအုပ်များ လှူဒါန်းကြကာ လာရောက်လှူဒါန်းထောက်ပံ့ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံခြားသားအလှူရှင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် လက်ပံကျေးရွာ မေတ္တာရှင် စာကြည့်တိုက်၊ ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် ကျေးရွာရေပေးဝေရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး လက်ပံကျေးရွာ မေတ္တာရှင် စာကြည့်တိုက်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၄-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ "ကျန်းမာသန်ထွား ဉာဏ်မြင့်မား"
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ အကပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၀ ၄။ Yan Can Cook
- ၁၂း၂၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၅)**
- ၁း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁း၁၅ ၇။ "ပုလဲမြို့နယ်အတွင်းမှ ရွှေအိုးရောင်မြင်ကွင်း"
- ၁း၂၅ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၁း၄၅ ၉။ "သာယာရွှေပြည်တို့နေပြည်" (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မော့စ်၊ ဗေလုဝ၊ ရှက်တယ်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၂း၃၅ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၂း၄၅ ၁၁။ အဆိုပြိုင်ပွဲ
- ၂း၅၀ ၁၂။ International News
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၂၅ ၃။ "သီတတ်စေသော်" (အောင်ဆန်းဦး၊ စောအောင်အောင်၊ အိချောပို၊ သင်းသင်းထက်) [ဒါရိုက်တာ-ညီလှဘော်၊ ဉာဏ်လင်းအောင်၊ သိမ့်သဥ္ဇာလင်း (ယဉ်ကျေးမှု)]
- ၅း၁၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင်၊ သမိုင်း အထူးပြုများ) (သမိုင်း)
- ၅း၃၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၃၅ ၆။ တေးဂီတအစီအစဉ်
- ၅း၄၅ ၇။ "ကူးလူးဆက်သွယ်အကျိုးများ ရောဝတီတံတား (ပခုက္ကူ)"
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၁၁။ ယဉ်တစ်ကိုယ်မယ် (ခင်နန်းထိုက်)
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၄)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၇)**
- ၁၇။ **မြန်မာရုပ်ရှင် "ညှို့သည်" (အပိုင်း-၁) (သုမောင်၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ - မောင်နန္ဒ)**
- ၁၈။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၉။ အစီအစဉ်ပြီး၏။

ယနေ့ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေကြသဖြင့် မိမိတို့ နိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်အောင် ခေတ်နောက်ကျ မကျန်ရစ်ရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်

❁ **ရွှေ့ဖုံးမှ**

အဆိုပါအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့ ယနေ့ကျင့်သုံးသည့် စနစ်သစ်အရ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများလည်း အသီးသီးရှိနေကြပြီဖြစ်၍ တိုင်းပြည်တည်ဆောက်ရေးတာဝန်များကို အသီးသီး ခွဲဝေတာဝန်ယူဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ယနေ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေကြသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်အောင် ခေတ်နောက်ကျ မကျန်ရစ်ရအောင် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေ၊ မြေ၊ သဘာဝသယံဇာတများ ရှိပါလျက်နှင့် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသယံဇာတ၊ သဘာဝသယံဇာတများကို ထိထိရောက်ရောက် အကျိုးရှိရှိအသုံးချပြီး အိမ်နီးချင်းနိုင်ငံများကဲ့သို့ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် တိုင်းပြည်ကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်မှသာ မြန်မြန်တိုးတက်မည်ဖြစ်ကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို မိမိတို့လက်ထက်တွင် နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်ပြီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများ မြန်မြန်ပြီးမြောက်မှသာ ပြည်သူလူထုအနေဖြင့် မြန်မြန်အကျိုးခံစားကြရမည်ဖြစ်ကြောင်း။

နိုင်ငံသားများ၏ စားဝတ်နေမှု ပြည့်စုံဖူလုံရေးအတွက် လယ်ယာကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ပထမဆင့်အဖြစ် လယ်ယာထွက်ကုန်ပစ္စည်းများကို လက်ရှိ ပြည်တွင်းစားသုံးရန် ပြည့်စုံဖူလုံအောင် ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး ဒုတိယအဆင့်အဖြစ် ပြည်ပသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ရေသည် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ရေရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေသော ဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရေမရရှိ သေးသည့် နေရာဒေသများတွင်လည်း စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆည်သစ်၊ တမံသစ်၊ မြစ်ရေတင်လုပ်ငန်းအသစ်များကို အထူးစီမံကိန်းလုပ်ငန်းကြီးများအဖြစ် လျာထားချမှတ်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြေရှိလျှင် အလုပ်ရှိရမည်၊ ရေရှိလျှင် အလုပ်ရှိရမည်ဆိုသော ခံယူချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာအောင် ဖန်တီးဖော်ဆောင်ပေးပြီး လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက် အသုံးချကာ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အထူးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွှဲမသွေ ဆောင်ရွက်ကြရမည့် တချို့သော ဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများ၊ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းကြီးများ၊ မဟာဗျူဟာလမ်းကြွန်ရက်များ ဖြစ်သည့် မီးရထားလမ်း၊ မော်တော်ကားလမ်း စသော မဟာဗျူဟာလမ်းများသည် ငွေကြေးအရင်းအနှီး များစွာစိုက်ထုတ်ပြီး အချိန်ယူဆောင်ရွက်ကြရမည့် လုပ်ငန်းကြီးများဖြစ်သည့်အတွက် အထူးစီမံကိန်းကြီးများစာရင်းတွင် ထည့်သွင်းပြီး ပြည်ထောင်စုအစိုးရအဆင့်မှ စီမံလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့် အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု Co-Operation၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု Co-ordination ရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုသော တူညီသည့် ရည်မှန်းချက်ထားပြီး အထက်နှင့်အောက်၊ ဘေးတိုက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့က လမ်း၊ တံတား၊ လျှပ်စစ်၊ ပညာရေး စသည်တို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှင်းလင်းမှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့် အစိုးရ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုသော တူညီသည့် ရည်မှန်းချက်ထားပြီး အထက်နှင့် အောက်၊ ဘေးတိုက် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ကမ္ဘဗလ"တရားတော် (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၀)**
၈း၅၀ Sai Sai Birthday Show (Part-5)
၉း၅၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၂၀ အထက(၁)လပွတ္တာ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ
၁၀း၄၀ သွားမယ်စားမယ် (AD Garden)
၁၁း၁၀ ရန်ကုန်မြင်ကွင်းကျယ် (NELC, NTEC, Boston ကျောင်းများရဲ့ Summer Festival)
၁၁း၂၅ တစ်နေ့ရာတည်းပြီးပြည့်စုံစေမှာ. . . Ginger
၁၁း၄၅ Activities In The City (Strepsils Cool မိတ်ဆက်ပွဲ)
၁၁း၅၅ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၁၂း၂၀ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၁၂း၄၀ ဉတ်ဖိုတောရမဟာစည် သာသနာ့ရိပ်သာ
၁း၀၀ "ကမ္ဘဗလ"တရားတော် (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ MNL Preview
၂း၅၀ စိတ်ကူးအိပ်မက်အနာဂတ်အတွက် "YIUS"
၃း၁၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီဦးအောင်ခိုင်) (အပိုင်း-၂)
၃း၃၅ "ဝ"တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁)
၃း၅၀ ရန်ကုန်မြင်ကွင်းကျယ် (၂၀ ရာစုနှစ်ရဲ့အထူးခြားဆုံးသော ထိရောက်သည့် ကြော်ငြာခြင်း စီမံခန့်ခွဲမှုသင်တန်း)
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၀)**
၅း၀၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၂)
၅း၃၀ ဂဏန်းသချ်ာပျော်စရာ
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၃)**
၇း၁၀ Sai Sai Birthday Show (Part-6)
၈း၀၀ MRTV-4 သတင်း
၈း၂၅ Barclays Premier League (Tottenham Vs West Bromwich)
၁၀း၂၅ Kid's Show
၁၀း၅၅ Barclays Premier League (Chelsea Vs West Ham)
၁၂း၅၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၄၁)**
၁း၄၅ ပကတိအတိုင်း
၂း၀၅ ဝင့်ကြွားအားမာန် "ကတိုက်"တမံ
၂း၁၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်သားညီနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၂း၄၀ အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၂း၅၅ ပန်းပေါင်းစုံပွင့်ထုံကြိုင်သင်း. . . မြို့ကျောက်မဲ၏ဂုဏ်သတင်း
၃း၁၅ World of Knowledge (Martian Robots)
၄း၀၀ ရေဆန်စီးတဲ့မြစ်
၄း၃၅ ဆင်စွယ်ပန်းပုအခြေပြု လှူလောကကိုအလှဆင်မည်
၄း၅၅ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Man U - Everton	ESPN (Live)
၈း၂၅	Liverpool - Birmingham	ESPN (Live)
	Tottenham - West Bromwich	STAR SPORTS (Live)
၁၀း၅၅	Chelsea - West Ham	ESPN (Live)
၁၁း၀၀	Aston Villa - Stoke City	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ရှင်းလင်းတင်ပြချက်များ ဆက်လက်ဖော်ပြသွားမည်

နေပြည်တော် ဧပြီ ၂၂

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ကြီးများ၏ မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

(သတင်းစဉ်)

မွန်းတည့်ခွင်-ကျည်တောင်-နေပြည်တော်ပတ်လမ်း အရှည် ၂၁ မိုင် ၄ ဖာလုံသည် ယခင်က ကုန်ထုတ်လမ်းအဖြစ်သာ အသုံးပြုခဲ့ ယခုအခါ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်သွားမည်ဖြစ်ရာ လမ်းအနီးရှိ ကျေးရွာပေါင်း ၁၄ ရွာ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ဒေသထွက်ကုန်များ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်မည်

နေပြည်တော် ဧပြီ ၂၂

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်ရွက်လျက်ရှိသော လမ်း၊ တံတားများ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်တင်ပြပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း ၁၉ ခုကို ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့်စီမံကိန်း ၁၉ ခုမှာ ပူတာအို-ရပ်ဘော့-ခေါင်လန်ဖူးလမ်းဖောက်လုပ်ခြင်း၊ စစ်ကိုင်း-ရှိမ္မကား-မြစ်ကြီးနားလမ်းဖောက်လုပ်ခြင်း၊ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း ဖောက်လုပ်ခြင်း၊ ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်းဖောက်လုပ်ခြင်း၊ မလွန်-စစ္စနိုး-ရေနံမ-ကန်တုတ်လမ်းဖောက်လုပ်ခြင်း၊ မွန်းတည့်ခွင်-ကျည်တောင်-နေပြည်တော်ပတ်လမ်း အဆင့်တိုးမြှင့်ခြင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းဆက်လက်ဆောင်ရွက်ခြင်း၊ မြေပုံ-ကံသာ-ကပိုင်လမ်းသစ်ဖောက်လုပ်ခြင်း၊ ဗန္ဓုလ-မောင်တော-အငူမော်လမ်းဖောက်လုပ်ခြင်း၊ မိုင်းနောင်-မိုင်းစံ(မုံးဆန်း)လမ်းသစ်ဖောက်လုပ်ခြင်း၊ ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်းဖောက်လုပ်ခြင်း၊ မိုင်းပန်-မုံးထ-မုံးထော်လမ်း ဖောက်လုပ်ခြင်း၊ လပွတ္တာ(ကျောက်ဖျာလေး)-အုတ်တွင်း-ထိပ်စွန်းလမ်းပေါ်ရှိ သက္ကယ်သောင်မြစ်ကူးတံတား တည်ဆောက်ခြင်း၊ နေပြည်တော်မြို့ပတ်လမ်းပေါ်ရှိ ပေါင်းလောင်းမြစ်ကူးတံတား(နေပြည်တော်)တည်ဆောက်ခြင်း၊ ပူတာအို-မချမ်းဘော-နောင်မွန်း လမ်းပေါ်ရှိ မချမ်းဘောတံတား တည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ်မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းသို့ ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတားနှစ်စင်းတည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ခြင်း၊ ရခိုင်ပြည်နယ် ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ တံတားလေးစင်းတည်ဆောက်ခြင်းနှင့် မကွေးတိုင်းဒေသကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယော(ကံတွင်း)တံတား တည်ဆောက် ခြင်းတို့ဖြစ်သည်။ ကချင်ပြည်နယ်တွင် မြောက်ဖျား ဒေသ ပူတာအိုခရိုင်အတွင်း ပူတာအို-ရပ်ဘော့-ခေါင်လန်ဖူးလမ်း အရှည် ၁၃၆ မိုင်ရှိ မြေသားလမ်းအား အဆင့်နှစ်ဆင့်ခွဲ၍ ပူတာအို-ရပ်ဘော့ အပိုင်း ၅၃ မိုင်ကို ကျောက်ချောလမ်း၊ ရပ်ဘော့-ခေါင်လန်ဖူး အပိုင်း ၆၅ မိုင် လေးဖာလုံကို အမာခံ လမ်းအဆင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအတွင်း ၂၂၅ မိုင် တစ်ဖာလုံ၊ ကချင်ပြည်နယ်အတွင်း ၁၁၄ မိုင် ခြောက်ဖာလုံ၊ စုစုပေါင်း ၃၃၉ မိုင် ခုနစ်ဖာလုံရှိပြီး လမ်းအမျိုးအစားမှာ ကတ္တရာလမ်း ၄၉ မိုင်၊ ကျောက်လမ်း ၃၈ မိုင် ခုနစ်ဖာလုံနှင့် မြေလမ်း ၂၅၂ မိုင်ဖြစ်သည့် စစ်ကိုင်း-ရှိမ္မကား-ကသာ-မြို့လှ-ဆင်ဘို-မြစ်ကြီးနားလမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တည်ဆောက်သွားမည် ဖြစ်သည်။

အရှည် ၃၈ မိုင်ရှိသည့် ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း ကျောက်လမ်း(အမာခံလမ်း)ကို လမ်းတာပေါင်တင်ခြင်း၊ သံကူ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းတို့ဖြင့် ကတ္တရာလမ်း အဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်းသည် ချင်းတွင်းမြစ်နှင့် ရွှေသမင်တောင်တန်းအကြားတွင်ရှိပြီး အရှည် ၆၅ မိုင် လေးဖာလုံရှိမည်ဖြစ်သည်။ ယခင်က ဆက်သွယ်သွားလာမှု မရှိခဲ့သည့် ဒေသအတွင်း လမ်းအူကြောင်းအသစ်ရှာဖွေ၍ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးခြင်းဖြင့် ယခင်က ရေလမ်းခရီးကိုသာ အားထားအသုံးပြုရာမှ ကုန်းလမ်းခရီးဖြင့် အခြားဒေသများသို့ လွယ်ကူချောမွေ့စွာ သွားလာအသုံးပြုနိုင်မည်ဖြစ်သည်။



ဧရာဝတီတံတား(ညောင်တုန်း) ရေလယ်တိုင်များ တည်ဆောက်နေမှုမြင်ကွင်းကို တွေ့ရစဉ်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီတံတား(မလွန်)မှ ပုသိမ်-မုံရွာလမ်းမကြီးနှင့် သရက်-မင်းလှလမ်းတို့ကို ဆက်သွယ်ဖြတ်သန်းဖောက်လုပ်မည့် မလွန်-စစ္စနိုး-ရေနံမ-ကန်တုတ်လမ်းသည် အရှည် ၄၇ မိုင် ၄ ဖာလုံရှိပြီး မူလလမ်းဖြစ်သည့် တာပေါင်လမ်းအား ကတ္တရာလမ်းအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါလမ်းကြီး ပြီးစီးသွားပါက ပုသိမ်-မုံရွာလမ်းနှင့် အပြိုင် တောင်မြောက်ဖောက်လုပ်ထားသော သရက်-မင်းလှလမ်းနှင့်လည်းကောင်း၊ ဧရာဝတီတံတား(မလွန်)မှတစ်ဆင့် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းသို့လည်းကောင်း အလွယ်တကူ သွားရောက်နိုင်မည် ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နေပြည်တော်ခရိုင်ပတ်လမ်းဖြစ်သည့် မွန်းတည့်ခွင်-ကျည်တောင်-နေပြည်တော်ပတ်လမ်း အရှည် ၂၁ မိုင် ၄ ဖာလုံသည် ယခင်က ကုန်ထုတ်လမ်းအဖြစ်သာ အသုံးပြုခဲ့သည်။ ယခုအခါကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်သွားမည်ဖြစ်ရာ လမ်းအနီးရှိ ကျေးရွာပေါင်း ၁၄ ရွာ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ဒေသထွက်ကုန်များ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ရန်ကုန် အမှတ်(၃)လမ်းဆုံမှ နေပြည်တော်(စီ)လမ်းဆုံအထိ လမ်းပိုင်းအား ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်တွင်လည်းကောင်း၊ နေပြည်တော်(စီ)လမ်းဆုံမှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီး စကားအင်းလမ်းဆုံအထိလမ်းပိုင်းအား ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင်လည်းကောင်း အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ လေဆိပ်လမ်းဆုံမှ မန္တလေးတံခွန်တိုင်တံတားအထိ ၁၃ မိုင် ၅ ဖာလုံလမ်းပိုင်းကို ရှစ်လမ်းသွား ကွန်ကရစ်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလမ်းပြီးစီးသွားပါက ရန်ကုန်-နေပြည်တာ်-မန္တလေးအကြား သတ်မှတ်အမြန်နှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်ပြီး ခရီးအချိန်သက်သာမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ပင်လယ်ကမ်းနားမြို့ဖြစ်သည့် မြေပုံမြို့မှ ရန်ကုန်-စစ်တွေကားလမ်းနှင့် ဆက်စပ်၍ ဒေသအသီးသီးသို့ သွားလာနိုင်ရန်ရည်ရွယ်လျက် မြေပုံ-ကံသာ-ကပိုင်လမ်းကို ကတ္တရာလမ်းအဖြစ် **စာမျက်နှာ ၅ ကော်လံ ၁ သို့**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)တွင် ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့်စီမံကိန်း ၁၉ ခု

- ✻ ပူတာအို-ရပ်ဘော့-ခေါင်လန်ဖူးလမ်း ဖောက်လုပ်ခြင်း
- ✻ စစ်ကိုင်း-ရှိမ္ဗကား-မြစ်ကြီးနားလမ်း ဖောက်လုပ်ခြင်း
- ✻ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း ဖောက်လုပ်ခြင်း
- ✻ ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်း ဖောက်လုပ်ခြင်း
- ✻ မလွန်-စစ္စနိုး-ရေနံမ-ကန်တုတ်လမ်း ဖောက်လုပ်ခြင်း
- ✻ မွန်းတည့်ခွင်-ကျည်တောင်-နေပြည်တော်ပတ်လမ်း အဆင့်တိုးမြှင့်ခြင်း
- ✻ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း ဆက်လက်ဆောင်ရွက်ခြင်း
- ✻ မြေပုံ-ကံသာ-ကပိုင်လမ်းသစ် ဖောက်လုပ်ခြင်း
- ✻ ဗန္ဓုလ-မောင်တော-အငူမော်လမ်း ဖောက်လုပ်ခြင်း
- ✻ မိုင်းနောင်-မိုင်းစံ (မုံးဆန်း)လမ်းသစ် ဖောက်လုပ်ခြင်း
- ✻ ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်း ဖောက်လုပ်ခြင်း
- ✻ မိုင်းပန်-မုံးထ-မုံးထော်လမ်း ဖောက်လုပ်ခြင်း
- ✻ လပွတ္တာ(ကျောက်ဖျာလေး)-အုတ်တွင်း-ထိပ်စွန်းလမ်းပေါ်ရှိ သက္ကယ်သောင်မြစ်ကူးတံတား တည်ဆောက်ခြင်း
- ✻ နေပြည်တော်မြို့ပတ်လမ်းပေါ်ရှိ ပေါင်းလောင်းမြစ်ကူးတံတား (နေပြည်တော်) တည်ဆောက်ခြင်း
- ✻ ပူတာအို-မချမ်းဘော-နောင်မွန်းလမ်းပေါ်ရှိ မချမ်းဘောတံတားတည်ဆောက်ခြင်း
- ✻ ရခိုင်ပြည်နယ် မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းသို့ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတားနှစ်စင်း တည်ဆောက်ခြင်း
- ✻ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ခြင်း
- ✻ ရခိုင်ပြည်နယ် ကျောက်တော်-ပလက်ဝလမ်းပေါ်ရှိ တံတားလေးစင်း တည်ဆောက်ခြင်း
- ✻ မကွေးတိုင်းဒေသကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယော(ကံတွင်း) တံတား တည်ဆောက်ခြင်း

✪ စာမျက်နှာ ၄ မှ

အသစ်တည်ဆောက်သွားမည်ဖြစ်သည်။ လမ်းအရှည် ၁၂ မိုင်လေးဖာလုံရှိပြီး မြေပုံမြို့မှ ကံသာရွာသို့ သုံးမိုင် ခြောက်ဖာလုံကို အမာခံလမ်းဆောင်ရွက်ပြီးဖြစ်၍ ကျန်လမ်းပိုင်းကို အသစ်တည်ဆောက်ဖောက်လုပ်သွားမည်ဖြစ်သည်။ အဆိုပါ လမ်းပိုင်းပေါ်တွင် ပေ ၁၅၀ အရှည်ရှိ ပဲကောက်ချောင်းတံတား၊ အရှည်ပေ ၁၀၈၀ ရှိ ပြွန်ရှည်ချောင်းတံတားနှင့် အရှည် ၂၃၇၂ ပေရှိ ကျောင်းဂမော် မြစ်ကူးတံတားများ တည်ဆောက်ရမည် ဖြစ်သည်။ အဆိုပါ လမ်းပြီးစီးပါက အခြားဒေသများနှင့် ကူးသန်းသွားလာရာတွင် လည်းကောင်း၊ ဒေသထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများတင်ပို့ရာတွင် လည်းကောင်း ပိုမိုလွယ်ကူလျင်မြန်၍ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့လာမည်ဖြစ်သည်။

ဗန္ဓုလ-မောင်တော-အငူမော်လမ်းသည် အရှည် ၉၄ မိုင်ငါးဖာလုံရှိပြီး ရခိုင်ပြည်နယ် ပင်လယ်ဝမှ ဘင်္ဂလားဒေ့ရှ် နယ်စပ်အထိ မြန်မာပြည်နယ်နိမိတ်အတွင်း ဖောက်လုပ်မည့်လမ်းဖြစ်သည်။ အဆိုပါလမ်းတစ်ခုလုံးအား ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်ရာ အဆိုပါလမ်းပြီးစီးသွားပါက မြန်မာနိုင်ငံ အနောက်ဘက်ခြမ်းဒေသတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်သည်။

ရှမ်းပြည်နယ်တွင် တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို တိုက်ရိုက်ဆက်စပ်ပေးမည့် မိုင်းနောင်-မိုင်းစံ (မုံးဆန်း) လမ်းအရှည် ၂၂ မိုင် ငါးဖာလုံကို ကတ္တရာလမ်းအဖြစ် အသစ်ဖောက်လုပ်တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါလမ်းပေါ်တွင် အကျယ် ပေ ၄၀၀ ခန့်ရှိ နမ့်ပန်တက်ချောင်းဖြတ်တံတားအပါအဝင် သံကူကွန်ကရစ်တံတားကြီးငယ်များ ထည့်သွင်းတည်ဆောက် ဖောက်လုပ်သွားမည်ဖြစ်သည်။ အဆိုပါလမ်းပြီးစီးသွားပါက မိုင်းရှူးသို့လည်းကောင်း၊ ကာလိ-တာကော်မှ တောင်ကြီးသို့လည်းကောင်း၊ ခရီးတိုအချိန်တိုအတွင်း ကူးသန်းသွားလာနိုင်မည်ဖြစ်သည်။

ကာလိ-မိုင်းစံ(မုံးဆန်း)-မိုင်းရှူးလမ်း အရှည် ၆၈ မိုင်ကို မူလတစ်ကြောင်းထိုးလမ်းမှ ကတ္တရာလမ်းအဆင့် တိုးမြှင့်ဖောက်လုပ်သွားမည်ဖြစ်သည်။ အဆိုပါလမ်းသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ ကာလိမှ မိုင်းစံ(မုံးဆန်း)မြို့ကိုဖြတ်၍ မိုးရှူးနှင့် မိုင်းနောင်မြို့များသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ရေးအတွက် ဆောင်ရွက်မည့် လမ်းတစ်လမ်းဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက သံလွင်မြစ်နှင့် နမ့်ပန်ချောင်းကြားဒေသ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကာလိမှ မိုင်းရှူးသို့ ခရီးတိုအချိန်တို သွားလာနိုင်မည်ဖြစ်သည်။

မိုင်းပန်-မုံးထ-မုံးထော်လမ်းသည် ခန့်မှန်းအရှည် ၇၄ မိုင်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့ကို ဆက်သွယ်သည့်လမ်းဖြစ်သည်။ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဆင့် ဖောက်လုပ်သွားမည်ဖြစ်ပြီး အရှည်ပေ ၉၂၀ ရှိ သံလွင်မြစ်ကူးကြိုးတံတားတစ်စင်းကိုပါ တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါလမ်းပြီးစီးသွားပါက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ ဆက်သွယ်သွားလာမှု ပိုမိုလျင်မြန်စေပြီး ဒေသနေပြည်သူများ၏ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဧရာဝတီလမ်းကွန်ရက် ဖွံ့ဖြိုးရေးစီမံကိန်းရှိ လမ်းအမှတ်(၄) လပွတ္တာ(ကျောက်ဖျာလေး)-အုတ်တွင်း-ထိပ်စွန်းလမ်း၌ တည်ဆောက်ရန် တံတား ၁၄ စင်းအနက် ကိုးစင်းတည်ဆောက်ပြီးစီးပြီး လေးစင်းမှာ ဆောက်လုပ်ဆဲဖြစ်သည်။ ကျန်ရှိသော သက္ကယ်သောင်မြစ်ကူးတံတားကို အောက်ခြေအုတ်မြစ်အား သံကူကွန်ကရစ်လွန်းတူးပိုင်များဖြင့် လည်းကောင်း၊ တံတားအပေါ်ထည်ကို သံပေါင်ကြိုးတံတား နှစ်လမ်းသွားအဖြစ် လည်းကောင်း၊ တည်ဆောက်သွားမည်ဖြစ်သည်။ တံတားအရှည်ပေ ၂၈၄၀၊ လမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါဝင်ပြီး ယာဉ်တစ်စီးခွင့်ပြုတန် ၆၀ ဖြစ်သည်။ သက္ကယ်သောင်မြစ်ကူးတံတားတည်ဆောက်ပြီးပါက မြောင်းမြ-လပွတ္တာမြို့များမှ အုတ်တွင်း-ထိပ်စွန်းသို့ တိုက်ရိုက်သွားလာနိုင်မည့်အပြင် ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်သည်။

နေပြည်တော် မြို့ပတ်လမ်းသစ်ပေါ်တွင် တည်ရှိမည့် ပေါင်းလောင်းမြစ်ကူးတံတား (နေပြည်တော်)သည် တံတားအရှည်ပေ ၄၈၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါဝင်ပြီး ယာဉ်တစ်စီးခွင့်ပြုတန် ၆၀ ဖြစ်သည်။ အဆိုပါတံတား ပြီးစီးသွားပါက ပေါင်းလောင်းမြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာများမှ နေပြည်တော်သို့ အချိန်မရွေး ဆက်သွယ်သွားလာနိုင်သည့်အပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

ကချင်ပြည်နယ် ပူတာအို-မချမ်းဘော-နောင်မွန်းလမ်းပေါ်တွင် မလိခမြစ်အားဖြတ်၍ မချမ်းဘော ဂျစ်ကားကူးကြိုးတံတားအား ၁၉၉၁ ခုနှစ်က တည်ဆောက်ခဲ့သည်။ ယခုအခါ တိုးတက်များပြားလာသော ယာဉ်ကြီးများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တံတားအရှည်ပေ ၇၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၁ ပေ သုံးလက်မနှင့် ခွင့်ပြုတန်ချိန် ၃၆ တန်ရှိပြီး အောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်ဖြင့် လည်းကောင်း၊ တံတားအပေါ်ထည်ကို တစ်လမ်းသွား ဘေလီကြိုးတံတားဖြင့် လည်းကောင်း တည်ဆောက်မည်ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက ပူတာအိုမှ မချမ်းဘော၊ နောင်မွန်းနှင့် ခေါင်လန်ဖူးမြို့များသို့ အလွယ်တကူဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

ရခိုင်ပြည်နယ် မြေပုံမြို့မှ ရန်ကုန်-စစ်တွေကားလမ်းသို့ ဆက်သွယ်သော မြေပုံ-ကံသာ-ကပိုင်လမ်းတွင် အရှည်ပေ ၁၀၈၀ ရှိ ပြွန်ရှည်တံတားနှင့် အရှည် ၂၃၂၄ ပေရှိ ကျောင်းဂမော်တံတားတို့ကို တည်ဆောက်မည် ဖြစ်သည်။ ပြွန်ရှည်တံတား၏ အောက်ခြေအုတ်မြစ်အား သံကူကွန်ကရစ်ပိုင်တိုင်များအဖြစ် လည်းကောင်း၊ တံတားအပေါ်ထည်ကို သံကူကွန်ကရစ်နှစ်လမ်းသွား တံတားအဖြစ်လည်းကောင်း၊ ကျောင်းဂမော်တံတား၏ အောက်ခြေအုတ်မြစ်အား သံကူကွန်ကရစ်ပိုင်များဖြင့် လည်းကောင်း၊ တံတားအပေါ်ထည်ကို သံပေါင်နှစ်လမ်းသွား အမျိုးအစားဖြင့် လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ပြီး ယာဉ်တစ်စီး ခွင့်ပြုတန် ၇၅ တန် ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက မြေပုံမြို့မှ ရန်ကုန်မြို့သို့လည်းကောင်း၊ စစ်တွေမြို့ အပါအဝင် ရခိုင်ပြည်နယ်ရှိ အခြားမြို့များသို့လည်းကောင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

ရခိုင်ပြည်နယ်-ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း (လမ်းသစ်)တွင် ပေ ၁၈၀ အထက်တံတား လေးစင်းဖြစ်သည့် တောဖျားတံတား၊ စံမတီးတံတား၊ ထွန်းရဝေတံတား၊ ရသေ့တောင်တံတားတို့အား အောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ်ပိုင်တိုင်များဖြင့် လည်းကောင်း၊ အပေါ်ထည်ကို နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများအဖြစ် လည်းကောင်း တည်ဆောက်မည်ဖြစ်သည်။ လမ်းအကျယ် ၂၄ ပေ၊ လမ်းတစ်ဖက်စီတွင် လူသွားလမ်း သုံးပေစီပါဝင်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက ရသေ့တောင်မြို့မှ ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ပုဏ္ဏားကျွန်းမြို့နှင့် နိုင်ငံတစ်ဝန်းလုံးသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်ချောမွေ့စေမည်ဖြစ်သည်။

ကျောက်တော်-ပလက်ဝလမ်း(လမ်းသစ်)တွင် တည်ဆောက်ရမည့် ပေ ၁၈၀ အထက်တံတား လေးစင်းအနက် ကုလားတန်မြစ်ကူး(ပလက်ဝ)တံတားအား အောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ်ပိုင်တိုင်ဖြင့်လည်းကောင်း၊ အပေါ်ထည်ကို နှစ်လမ်းသွား သံပေါင်ကြိုးတံတားအဖြစ်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ပြီး ကျန်တံတားသုံးစင်းဖြစ်သော မီးချောင်းတံတား၊ သဲမချောင်းတံတား၊ နှမဒါချောင်းတံတားတို့အား တံတားအောက်ခြေအုတ်မြစ်ကို သံကူကွန်ကရစ်တိုင်များဖြင့် လည်းကောင်း၊ တံတားအပေါ်ထည်ကို နှစ်လမ်းသွားသံကူကွန်ကရစ်တံတားများအဖြစ်လည်းကောင်း တည်ဆောက်မည်ဖြစ်သည်။ အဆိုပါလမ်း ပြီးစီးသွားပါက ပလက်ဝမြို့မှ ကျောက်တော်မြို့သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့် အပြင် ရန်ကုန်-စစ်တွေလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးသို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်ရှိ ယခင်တည်ဆောက်ထားသော ယော(ကံတွင်း) တံတားမှာ ၂၀၁၀ ခုနှစ် မိုးရာသီအတွင်း ဂီရိမုန်တိုင်းဒဏ်ကြောင့် မျောပါပျက်စီးခဲ့သဖြင့် တံတားသစ် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါတံတားသည် အရှည် ပေ ၇၂၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးခွင့်ပြုတန် ၇၅ တန်ဖြစ်သည်။ အဆိုပါတံတားပြီးစီးသွားပါက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူလျင်မြန်လာစေမည်ဖြစ်ပြီး ဒေသတွင်းပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကိုပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ၁၉၈၈ ခုနှစ်က မြေသားလမ်းနှင့် ကျောက်လမ်း ၈၀၉၂ မိုင်၊ ကတ္တရာလမ်း ၅၅၄၃ မိုင်နှင့်လမ်းအရှည်စုစုပေါင်း ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ လမ်းများကို ကွန်ရက်သဖွယ်ဖောက်လုပ်ပေးခဲ့မှုကြောင့် ယခုအခါ မြေသားနှင့် ကျောက်လမ်း ၁၁၀၁၈ မိုင်၊ ကတ္တရာလမ်း ၁၀၃၄၃ မိုင်နှင့် လမ်းအရှည်စုစုပေါင်း ၂၁၃၆၁ မိုင်ရှိလာပြီဖြစ်သည်။

ထို့အပြင်နိုင်ငံတစ်ဝန်း၌ ၁၉၈၈ ခုနှစ်က ပေ ၁၈၀ အောက်တံတား ၃၃၀၅စင်းနှင့် ပေ ၁၈၀အထက်တံတား ၁၉၈ စင်းသာရှိခဲ့ရာမှ ယခုအခါပေ ၁၈၀ အောက်တံတား အစင်း ၆၆၂၀နှင့် ပေ ၁၈၀အထက်တံတား ၄၆၃ စင်းရှိလာခဲ့သဖြင့် လမ်း၊ တံတားများမှာ ယခင်ကထက် သိသိသာသာ တိုးတက်များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။

(သတင်းစဉ်)



ပျဉ်းမနား-ပင်လောင်း ကားလမ်းပေါ်တွင် မြန်မာနိုင်ငံ၌ အမြင့်ဆုံး လိန်းလီကြိုးတံတားကြီးကို ဤသို့ တွေ့ရစဉ်။

ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားစေရန်၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် နှစ်စဉ် တယ်လီဖုန်းဆက်သွယ်မှုလုပ်ငန်းကို တိုးချဲ့တပ်ဆင်ခဲ့ GSM မိုဘိုင်းလ်စနစ် တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းအား စီမံကိန်းကာလ ငါးနှစ်အတွင်း လိုင်းအင်အား သန်း ၃၀ အထိ တိုးချဲ့တပ်ဆင်ရန် စီမံကိန်းရေးဆွဲ

နေပြည်တော် ဧပြီ ၂၂

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်းက နိုင်ငံတော်၏ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် တယ်လီဖုန်းသုံးစွဲမှု မြင့်မားလာစေရေးအတွက် ငါးနှစ်စီမံကိန်းဖြင့် မိုဘိုင်းလ်ဖုန်းစနစ်လိုင်း သန်း ၃၀ တိုးချဲ့တပ်ဆင်နိုင်ရေး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦး သိန်း ထွန်း ရှင်းလင်း တင်ပြစဉ်။
(သတင်းစဉ်)

ပြည်သူများ၏လူနေမှုအဆင့်အတန်း မြင့်မားစေရန်၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်နှင့် ဒေသအုပ်ချုပ်ရေး၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၌ ဆက်သွယ်မှုလွယ်ကူစေရန် ရည်ရွယ်၍ ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်တယ်လီဖုန်းဆက်သွယ်မှုလုပ်ငန်းကို တိုးချဲ့တပ်ဆင်ခဲ့ရာ ယခုအချိန်တွင် တစ်နိုင်ငံလုံး တယ်လီဖုန်းသိပ်သည်းဆ (Telephone Density) မှာ ငါးရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တယ်လီဖုန်း Density တိုးတက်စေရန်အတွက် အချိန်တိုအတွင်း မိုဘိုင်းလ်ဖုန်းစနစ် တိုးချဲ့တပ်ဆင်နိုင်ရန်အတွက် ဝန်ကြီးဌာနက လုပ်ငန်းပိုင်း၊ နည်းပညာပိုင်းဆိုင်ရာအဖွဲ့ဖြင့် စနစ်တကျ လေ့လာဆွေးနွေးမှုများအရ GSM မိုဘိုင်းလ်စနစ် တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းအား စီမံကိန်းကာလ ငါးနှစ်အတွင်း လိုင်းအင်အား သန်း ၃၀ အထိ တိုးချဲ့တပ်ဆင်ရန် စီမံကိန်းရေးဆွဲ၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

စဉ်	စီမံကိန်းနှစ်	တိုးချဲ့တပ်ဆင်မည့် GSM Mobile ဖုန်းလိုင်းအင်အား	တည်ရှိလာမည့် တယ်လီဖုန်း သိပ်သည်းဆ
၁။	ပထမနှစ်	လိုင်း (၄)သန်း	၁၀. ၃ %
၂။	ဒုတိယနှစ်	လိုင်း (၅)သန်း	၁၈. ၃ %
၃။	တတိယနှစ်	လိုင်း (၆)သန်း	၂၇. ၇ %
၄။	စတုတ္ထနှစ်	လိုင်း (၇)သန်း	၃၈. ၅ %
၅။	ပဉ္စမနှစ်	လိုင်း (၈)သန်း	၅၀. ၆ %

ထို့ပြင် ဆက်သွယ်ရေးနှင့် ပြန်ကြားရေးကဏ္ဍအား စွမ်းဆောင်ရည် မြင့်တင်နိုင်ရန်နှင့် အာကာသနည်းပညာဆိုင်ရာများ ရရှိပြန့်ပွားစေရေးကို ရည်ရွယ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပိုင်ဆိုင်သော ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံး လွှတ်တင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အဆိုပြုအစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ဆက်သွယ်ရေးတာဝါတိုင်နှင့် ရတနာပုံဆိုင်ဘာခန်းမ

တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် ဆက်သွယ်ရေးတာဝါတိုင်များကို အကြားအလပ်မရှိ တည်ဆောက်ပေးထားသည်။ (ယာပုံ)နှင့် **နိုင်ငံတော်၏ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရတနာပုံနည်းပညာမြို့သစ်ကို တည်ဆောက်၍ ဆက်သွယ်ရေးလုပ်ငန်းများ အခြေစိုက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရတနာပုံဆိုင်ဘာခန်းမကို တွေ့ရစဉ်။** (အောက်ပုံ)





❖ **ကျောဖုံးမှ**

အနက်ရောက် ကာဗွန်ဖြစ်သော မီးခိုးမှိုင်းသည် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ကို ဖြစ်ပေါ်စေနိုင်ပြီး မော်တော်ယာဉ်များ၏ မီးခိုးများ၊ လေယာဉ်မှထုတ်လွှတ်သော အခိုးအငွေ့များ၊ တောမီးလောင်ခြင်းမှ ပေါ်ထွက်လာသော မီးခိုးလုံးများ၊ ထင်းနှင့် ကျောက်မီးသွေးသုံး မီးဖိုများမှ ပေါ်ထွက်လာသော မီးခိုးငွေ့များကြောင့် မီးခိုးမှိုင်း ဖြစ်ပေါ်ရသည်။

အင်တာနက်။

အထက(၁) ပြင်ဦးလွင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် **ဧပြီ** **၂၂**

အထက(၁) ပြင်ဦးလွင် (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဧပြီ ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အဆိုပါကျောင်းရှိ ဧရာဝတီခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ၁၉၇၈ ခုနှစ် နဝမတန်း၊ ၁၉၇၉ ခုနှစ် ဒသမတန်း ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးခင်ဇော် (ဈေးကြီး) ဖုန်း-၀၉-၂၀၄၅၇၄၆၊ ဦးကျော်ဦး ဖုန်း-၀၉-၂၀၄၄၀၇၇၊ ဦးခင်ဇော်(ရွှေမန်း) ဖုန်း-၀၉-၄၇၁၂ ၉၂၄၀၊ ဦးတင်လတ် ဖုန်း-၀၉-၂၀၄၄၃ ၈၂၊ ဦးအောင်ကြည် ဖုန်း-၀၉-၂၀၄၄၁၀၃၊ ဦးအောင်ဇော် ဖုန်း-၀၉-၄၇၁၃၀၃၈၇၊ ဦးစိုးနိုင် ဖုန်း-၀၈၅၂၂၆၅၃၊ Ext ၃၁၇၊ ဒေါ်စန်းစန်းယု ဖုန်း-၀၈၅၂၂၆၅၃ Ext -၂၅၄၊ ဦးတင်ထွန်းအောင် ဖုန်း-၀၈၅၂၂၆၅၃ Ext - ၃၃၇၊ ဒေါ်လွင်လွင်ဦး ဖုန်း-၀၉-၅၁၉၁၆၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ယင်းနေ့ညနေ ၆ နာရီတွင် ကန်တော်ကလေးအဝိုင်း Wood Land စားသောက်ဆိုင်၌ ညစာစားပွဲကို ၁၉၇၈ ခုနှစ် နဝမတန်းနှင့် ၁၉၇၉ ခုနှစ် ဒသမတန်းတွင် ပညာသင်ကြားခဲ့သော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မိတ်ဆုံညစာစားပွဲ ကျင်းပမည်ဖြစ်ပြီး လက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကျင်းပရေးကော်မတီဝင်များထံ ဝယ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် စက်မှုသင်တန်းကျောင်းလေးကျောင်း ဖွင့်လှစ်ထားပြီး ကျွမ်းကျင်လုပ်သား ၇၅၀ ခန့် မွေးထုတ်ပေးလျက်ရှိ

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၂

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် မော်တော်ယာဉ်များ၏ အစိတ်အပိုင်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့် အခြေအနေမှ ထုတ်ကုန်ပစ္စည်းပုံစံ အမျိုးမျိုးအတွက် ပြည်တွင်း၌ အမြန်တိုးမြှင့်ထုတ်လုပ်သွားရန် လိုအပ်သည့် ပုံကို စနစ်တကျပုံစံချ၍ ပုံသွင်းထုတ်လုပ်ပေးနိုင်သည့် အဆင့်မြင့်နည်းပညာသုံး Automobile Mould & Die, Jigs & Fixture များအား တစ်နှစ်လျှင်အစုံ ၁၀၀၀ ထုတ်လုပ်မည့် စီမံကိန်း၊ လူစီးမော်တော်ယာဉ်အမျိုးမျိုးနှင့် ကုန်တင်ယာဉ် အမျိုးမျိုးတို့ဖြစ်သည့် Light Truck, Medium Truck, Heavy Truck, Super Heavy

စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် ဖွင့်လှစ်ပေးထားသည့် စက်မှုသင်တန်းကျောင်း (သာဂရ) ကို တွေ့ရစဉ်။

Truck နှင့် Commercial Vehicle တို့၏ Axle အမျိုးမျိုးကို တစ်နှစ်လျှင် အစုံ ၁၀၀၀၀ နှင့် ၎င်းတို့နှင့် တွဲဖက်အသုံးပြုရမည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် အဆိုပါစီမံကိန်းများကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ရွာသာရွာဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်နှင့် ကျွမ်းကျင်လုပ်သားများ ရရှိနိုင်ရေးအတွက် စက်မှုသင်တန်းကျောင်းလေးကျောင်းကို ဆင်တဲ၊ မန္တလေး၊ သာဂရနှင့် ပခုက္ကူတို့တွင် ဖွင့်လှစ်ထားပြီး ယင်းသင်တန်းကျောင်းများမှ ကျွမ်းကျင်လုပ်သား ၇၅၀ ခန့် မွေးထုတ် ပေးလျက်ရှိကြောင်းနှင့် ယခုအခါ အိန္ဒိယသမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်း (Industrial Training Center) ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်တို့အား ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံများမှ ထုတ်လုပ်သော မော်တော်ယာဉ်များ(ဝဲပုံ)**နှင့် မကွေးမြို့နယ် မကွေးစက်မှုနယ်မြေရှိ အမှတ်(၃)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)**(အောက်ပုံ)**ကို တွေ့ရစဉ်။**

စဉ့်ကိုင်နှင့် မုံရွာမြို့နယ်တို့၌ လယ်ယာကဏ္ဍ ကိန်းဂဏန်းများ ရေ့ပြေးစာရင်းကောက်မည်

နေပြည်တော် ဧပြီ ၂၂

လယ်ယာကဏ္ဍ စိုက်ဧက စာရင်းအင်းကိန်းဂဏန်းများ တိကျမှန်ကန်စွာ ကွင်းဆင်းကောက်ယူပြုစုတင်ပြနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးတွင် စဉ့်ကိုင်မြို့နယ်ကို ရှေ့ပြေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ စဉ့်ကိုင်မြို့နယ်၌ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကွင်းပေါင်း ၁၈၃ ကွင်း၊ ကွင်းရှိဧရိယာ ၁၁၀၈၃၆ ဧက၊ လက်ရှိဧရိယာ ၇၀၇၂၅ ဧကအပေါ် ဝန်ထမ်းအင်အား ၇၇ ဦးဖြင့် မေ ၃၀ ရက်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်သည် ဧပြီ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကေ မှန်ကန်ရေးလုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် မူဝါဒလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ရှင်းလင်းမှာကြား

အလားတူ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး လုပ်ငန်းစီမံချက်အရ စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနသည် ရှေ့ပြေးအစီအစဉ်အဖြစ် မုံရွာမြို့နယ်မှ ကျေးရွာအုပ်စု ၅၇ အုပ်စု၊ ကွင်းပေါင်း ၂၈၂ ကွင်း၊ အကွက်ပေါင်း ၃၆ ကွက်၊ ကွင်းရှိဧရိယာဧက ၁၇၀၂၄၀၊ စိုက်ပျိုးမြေလက်ရှိ ဧရိယာ ၁၀၆၆၄၉ ဧကတို့၏ မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကစာရင်းများ မှန်ကန်ရေးလုပ်ငန်းကို တိုင်းဒေသကြီးအတွင်းမှ ဝန်ထမ်းအင်အား ၁၁၃ ဦးဖြင့် စုဖွဲ့၍ မေ ၃၀ ရက်အတွင်း အပြီးဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်သည် ဧပြီ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ၊ မုံရွာ၊ ရွှေဘို၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်တို့မှ မြေစာရင်းဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေး လုပ်ငန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် မုံရွာမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နိုင်ငံခြားကုမ္ပဏီများ ကုန်းပိုင်းလုပ်ကွက်၊ ကမ်းလွန်လုပ်ကွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

နေပြည်တော် ဧပြီ ၂၂

ယနေ့ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Coroporation Ltd. (NPCC) တို့ ကုန်းပိုင်းလုပ်ကွက် F(ငလျှင်တွင်းဒေသ)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စင်ကာပူနိုင်ငံ SNOG Pte.,Ltd. နှင့် UPR Pte.,Ltd. ကုမ္ပဏီတို့ ကရင်ပြည်နယ် မဲပလေဒေသအတွင်း ယှဉ်လျက် ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်မည့်အခြေအနေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Dovelopment Co., Ltd.(KMDC) နှင့် Brilliant Oil Corporation Pte., Ltd. (BOC) တို့ ရခိုင်ကမ်းလွန်လုပ်ကွက် A-5 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ ရခိုင်ကမ်းလွန်လုပ်ကွက် A-7 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co., Ltd. (KMDC) နှင့် စင်ကာပူနိုင်ငံ Brilliant Oil Corporation Pte., Ltd. (BOC) တို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ တနင်္သာရီကမ်းလွန်လုပ်ကွက် M-15 တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co., Ltd. (KMDC)နှင့် စင်ကာပူနိုင်ငံ Brilliant Oil Corporation Pte., Ltd. (BOC)တို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေနှင့် တနင်္သာရီကမ်းလွန်လုပ်ကွက် M-16 တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Development Co., Ltd.(KMDC)နှင့် စင်ကာပူနိုင်ငံ Brilliant Oil Corporation Pte.,Ltd.(BOC)တို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများနှင့် စာချုပ်များ ချုပ်ဆိုမည့်အခြေအနေ၊ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းအောက်ရှိ ရေနံဓာတုဗေဒစက်ရုံ(သံပုရာကန်)ပြန်လည် မွမ်းမံပြင်ဆင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)



ပုထိုးလုံတွင်းအမှတ်(၂)တွင် ထုတ်လုပ်မှု စမ်းသပ်နေသော နေရှင်နယ် ၅၅/၆ တွင်းတူးစက်ကို ရဟတ်ယာဉ်ပေါ်မှ တွေ့မြင်ရပုံ။

(သတင်းစဉ်)

ရန်ကုန်မြို့ရှိ ပစ္စည်းသိုလှောင်ရုံများ တိုးချဲ့ဓာတ်အားခွဲရုံနှင့် ရုံးအဆောက်အအုံ တည်ဆောက်ပြီးစီးမှု ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးသည် ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပစ္စည်းသိုလှောင်ရုံသို့ ရောက်ရှိပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့၏ သိုလှောင်ရုံများ၌ ထိန်းသိမ်းထားရှိသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းပစ္စည်းများ၊ လျှပ်စစ်မီတာများ၊ ရုံးသုံးပရိဘောဂများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ၆၆/ ၁၁ ကေဗွီ ဒဂုံမြို့သစ် (မြောက်ပိုင်း) ဓာတ်အားခွဲရုံ Switch Yard တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ခွဲရုံမှာ ယခင်က ၃၃ ကေဗွီ ဓာတ်အားခွဲရုံဖြစ်ရာ ၆၆ ကေဗွီ ဓာတ်အားခွဲရုံအဖြစ် တိုးချဲ့တည်ဆောက်ခြင်းဖြစ်သည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) စီမံကိန်း မန်နေဂျာ(၁) ရုံးအဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်းမီးကျန် မရှိပါစေနှင့်။
(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။
(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။
(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။
(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန်မရှိအောင် စနစ်တကျစစ်ဆေးပါ။
(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။
(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများ ထားပါ။

မီးသတ်ဦးစီးဌာန

အာဆီယံ ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေး ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် တက်ရောက်

နေပြည်တော် ဧပြီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၉ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့သည့် အာဆီယံ - ဂျပန်နိုင်ငံခြားရေးဝန်ကြီးများအထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ယင်းအစည်းအဝေးသည် မကြာသေးမီက ဂျပန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သော မြေငလျင်နှင့် ဆူနာမီရေလှိုင်းတို့အပြင် ဒေသတွင်း အခြားနေရာများတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးဒဏ်များနောက်ပိုင်း အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ကျင်းပသည့် အစည်းအဝေးဖြစ်သည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မာတီ အာအမ် နာတာလီဂါဝါ နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာကဲအကီမာ ဆူမိုတို တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်နှင့် အခြားကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးညဏ်လင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျကာတာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာ ဆူစီလိုဘမ်ဘန်ယူဒိုယိုနိုက အဖွင့်မိန့်ခွန်း ပြောကြားပြီး တက်ရောက်သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့သည် မကြာသေးမီက ဖြစ်ပွားခဲ့သည့် သဘာဝဘေးဒဏ်များနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ခဲ့ကြပြီး သဘာဝဘေးဒဏ် စီမံခန့်ခွဲရေးနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမာတီ အာအမ် နာတာလီဂါဝါက အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား အနာဂတ်တွင် သဘာဝဘေးဒဏ်စီမံခန့်ခွဲမှုကို ပိုမိုပူးပေါင်း ဆောင်ရွက်ရေးအတွက် နှစ်ဖက်ဆက်လက်လုပ်ဆောင်သွားရေးကို ထပ်လောင်းအတည်ပြုခဲ့ပြီး ဂျပန်နိုင်ငံမှ သဘာဝဘေးဒဏ်စီမံခန့်ခွဲမှု စွမ်းရည်မြှင့်တင်ရေးအတွက် အထောက်အကူများ ဆက်လက်တိုးမြှင့်မည့်ကိစ္စကိုလည်း ကြိုဆိုခဲ့သည်။ အဏုမြူဓာတ်အားပေးစက်ရုံ ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်မှုကို တိုးမြှင့်မည့် ဆုံးဖြတ်ချက်နှင့် အဏုမြူစက်ရုံ မတော်တဆဖြစ်မှုကြောင့် ရရှိသည့် အတွေ့အကြုံများကို အာဆီယံအဖွဲ့ဝင်များအား မျှဝေမည့် ဂျပန်နိုင်ငံ၏ ဆန္ဒသဘောထားကိုလည်း ထောက်ခံအားပေးခဲ့သည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးအပြီးတွင် ပူးတွဲသဘာပတိများက သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ ယင်းသတင်းစာ ရှင်းလင်းပွဲသို့ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

သတင်းစာ ရှင်းလင်းပွဲအပြီးတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အစည်းအဝေး ကျင်းပသည့်နေ့ နံနက်ပိုင်းတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ တာကဲအကိမာဆူမိုတိုနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်တို့သည် ဂျကာတာမြို့ ဂရင်းဟာရတ် (Grand Hyatt)ဟိုတယ်၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကိစ္စကို ဆွေးနွေးခဲ့ကြပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဖူကူရှီးမားအဏုမြူဓာတ်အားပေးစက်ရုံ မတော်တဆဖြစ်ပွားမှု နောက်ပိုင်း ဂျပန်အစိုးရက ဘေးအန္တရာယ် ကင်းရှင်းရေးကိစ္စ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးသန်းအောင်အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ မြန်မာနှစ်ဦးဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီခွဲတွင် တော်ဝင်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ငှက်ဖျားတိုက်ဖျက်နိုင်သော အာနိသင်ရှိသည့် Zanthoxy Lum Chalybeum အပင်မျိုး။

ငှက်ဖျားတိုက်ဖျက်နိုင်သည့် အာနိသင်ရှိသောသစ်ပင်များ မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရ

နိုင်ရိုဘီ ဧပြီ ၂၂

ငှက်ဖျားရောဂါကို တိုက်ဖျက်နိုင်သည့် အာနိသင်ရှိသော သစ်ပင်နွယ်ပင်များ မျိုးသုဉ်းပျောက်ကွယ်မည့်အရေးအား ကာကွယ်နိုင်ရန် သုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း အာဖရိကသိပ္ပံပညာရှင်များက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

အရေးပါ

အဆိုပါ သစ်ပင်နွယ်ပင်များသည် ငှက်ဖျားတိုက်ဖျက်ရေးအတွက် မျိုးဆက်သစ်ဆေးဝါးများ ရှာဖွေတွေ့ရှိရေးနှင့် အခြားအသက်ကယ်ဆေးဝါးများ ထုတ်လုပ်နိုင်ရေးတို့တွင် အရေးပါကြောင်း သိရသည်။

ငှက်ဖျားရောဂါကို ကုသရန်နှင့် ကာကွယ်ရန် ရိုးရာဆေးဝါးများ၌ အသုံးပြုခဲ့သော သစ်ပင်များသည် သစ်တောပြုန်းတီးမှုနှင့် အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ရှားပါးသွားပြီဖြစ်ကြောင်း သုတေသနတွေ့ရှိချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အသေးစိတ်ဖော်ပြထား

အာဖရိကသုတေသနပညာရှင်များ စုပေါင်းရေးသားသော "အရှေ့အာဖရိက၌ အတွေ့များသော ငှက်ဖျားတိုက်ဖျက်ရေး သစ်ပင်နွယ်ပင်များ"စာအုပ်၌ လေ့လာတွေ့ရှိချက်ကို အသေးစိတ်ဖော်ပြထားသည်။

ဓာတ်ခွဲခန်းရလဒ်များ၊ အရှေ့အာဖရိက ကျေးလက်ဒေသ ၃၀ ကျော်မှ ငှက်ဖျားဝေဒနာရှင်များနှင့် ရိုးရာဗိန္ဒောဆေးဆရာများထံမှ စုဆောင်းရရှိသော အချက်အလက်များကို အခြေပြု၍ လေ့လာတွေ့ရှိချက်ကို အာဖရိကပညာရှင်များက ဖော်ပြခဲ့ခြင်းဖြစ်သည်။

စာရေးသူများ၏အဆိုအရ အာဖရိကရိုးရာ ဗိန္ဒောဆေးဆရာများသည် ငှက်ဖျားရောဂါကို ကာကွယ်ကုသရန်အတွက် အပင်မျိုးစိတ်ပေါင်းတစ်ထောင်ကျော်ကို သုံးစွဲကြောင်း သိရသည်။

အင်တာနက်။

ချာနိုဘိုင်းလ်နျူဗာတ်အားပေးစက်ရုံ၏ အခြေအနေ အန္တရာယ်ပေးနိုင်ဆဲဖြစ်

ကီယက်ဗ် ဧပြီ ၂၂

လွန်ခဲ့သည့် ၂၅ နှစ်ခန့်က ပေါက်ကွဲပျက်စီးခဲ့သော ချာနိုဘိုင်းလ်နျူကလီးယားဓာတ်ပေါင်းဖို အပျက်အစီးများအောက်တွင် ကျန်ရစ်နေဆဲဖြစ်သည့် နျူကလီးယားလောင်စာတောင့်များသည် အန္တရာယ်ပေးနိုင်ဆဲဖြစ်ကြောင်း ယင်းစက်ရုံ၏ အကြီးအကဲက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

ချာနိုဘိုင်းလ် နျူကလီးယားစက်ရုံ၏ အစိတ်အပိုင်းနေရာ အများအပြားကို စူးစမ်းလေ့လာမှု မပြုလုပ်ရသေးကြောင်း၊ ၁၉၈၆ ခုနှစ်တွင် ဖြစ်ပွားသော ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် ဓာတ်ပေါင်းဖို အမှတ်(၄)ကို ကွန်ကရစ်အုပ်ဆောင်းအသစ်တပ်ဆင်နေကြောင်း စက်ရုံအကြီးအကဲ အီဂေါ်ဂရာမော့ကင်က ဆိုသည်။



ချာနိုဘိုင်းလ် နျူကလီးယားဓာတ်အားပေးစက်ရုံ ဝန်ထမ်းများသည် ကွန်ကရစ်အုပ်ဆောင်းအတွင်း ဝင်ရောက်၍ ဓာတ်ပေါင်းဖို၏ ၆၀ ရာခိုင်နှုန်းကို လေ့လာမှုများပြုလုပ်နိုင်ခဲ့သော်လည်း ကျန်နေရာများမှာ အပျက်အစီးနှင့် ရေဒီယိုသတ္တိကြွမှု အဆင့်မြင့်မားနေခြင်းကြောင့် စူးစမ်းလေ့လာရန်ခက်ခဲကြောင်း သတင်းတွင် ဖော်ပြသည်။ဓာတ်ပေါင်းဖို အပျက်အစီးများအောက် ရောက်နေသော နျူကလီးယားလောင်စာအခြေအနေကို မသိနိုင်ခြင်းအန္တရာယ်ကြီးတစ်ရပ်ဖြစ်ကြောင်း ဂရာမော့ကင်က ပြောကြားသည်။

ပေါက်ကွဲပျက်စီးခဲ့သော နျူကလီးယား ဓာတ်ပေါင်းဖို၏ ရေဒီယိုသတ္တိကြွလောင်စာတောင့်များ၏ ၉၅ ရာခိုင်နှုန်းခန့်သည် အပျက်အစီးများအောက်တွင် ရောက်ရှိနေကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

ချာနိုဘိုင်းလ် နျူကလီးယားဓာတ်အားပေးစက်ရုံ ဓာတ်ပေါင်းဖို အမှတ်(၄) ကွန်ကရစ်အုပ်ဆောင်း တပ်ဆင်မှုကို တွေ့ရစဉ်။

နိုင်ငံတကာ မိခင်ကမ္ဘာမြေနေ့ ကမ္ဘာ့နိုင်ငံများ၌ ကျင်းပ

မွန်ထရီယယ် ဧပြီ ၂၂

"နိုင်ငံတကာ မိခင်ကမ္ဘာမြေနေ့"အထိမ်းအမှတ် အခမ်းအနားကို ကမ္ဘာတစ်ဝန်း၌ ဧပြီ ၂၂ရက်က ကျင်းပကြသည်။

၂၀၁၁ခုနှစ်ကို နိုင်ငံတကာ သစ်တောများနှစ်အဖြစ် သတ်မှတ်ထားရာ နိုင်ငံတကာမိခင်ကမ္ဘာမြေနေ့ အထိမ်းအမှတ် အခမ်းအနားများကို သစ်တော သစ်ပင်ထိန်းသိမ်းရေး ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ကမ္ဘာပေါ်ရှိ သစ်တောဖုံးလွှမ်းရာ နေရာဒေသ အရေးပါသောဒေသများဖြစ်ကြောင်း တာဝန်ရှိသူများက များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ အထူး ပြောကြားသည်။

ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့၌ နိုင်ငံတကာ မိခင်ကမ္ဘာမြေနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာပေါ်ရှိ အပူပိုင်းမုတ်သုံသစ်တောများသည် ကမ္ဘာ၏အဆုတ်နှင့် အလားသဏ္ဍာန်တူညီကြောင်း၊ ကမ္ဘာ၏ အောက်စီဂျင် အရင်းအမြစ်၏ လေးပုံတစ်ပုံနီးပါးကို ယင်းသစ်တောများက ထုတ်လုပ်ပေးနေကြောင်း ကနေဒါနိုင်ငံတွင် ထုတ်ဝေသော သတင်းစာများ၌ ရေးသားဖော်ပြသည်။

မှီတင်းနေထိုင်

မုတ်သုံသစ်တောများအတွင်း အပင်များ၊ အင်းဆက်ပိုးများနှင့် တိရစ္ဆာန်များဖြစ်သော ဇီဝမျိုးစုံလင်စွာတည်ရှိကြောင်း၊ ကမ္ဘာ့မုတ်သုံသစ်တောများအတွင်း ဇီဝမျိုးပေါင်း ၁၀သန်းကျော်အထိ မှီတင်းနေထိုင်ကြောင်း သိရသည်။

သို့ရာတွင် တရားမဝင် သစ်ခုတ်လှဲမှု၊ မြို့ပြများကျယ်ပြန့်လာမှုနှင့် စက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာမှုတို့ကြောင့် ကမ္ဘာ့သစ်တောဒေသများ ယုတ်လျော့လာနေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ပြောကြားသည်။

ကနေဒါနိုင်ငံတွင် သစ်တောပြုန်းတီးမှုရှိနေကြောင်း၊ ဗြိတိသျှကိုလံဘီယာဒေသရှိ သစ်တောမြေများ၏ နယ်မြေအကျယ်အဝန်းမှာ တစ်စတစ်စ လျော့နည်းလာနေကြောင်း သတင်းစာများက ရေးသားဖော်ပြသည်။

အင်တာနက်။

အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ သဘာပတိ ဗိုလ်ချုပ်ကြီး မိုက်မူလန်။

၂၀၁၁ ခုနှစ်အလွန် အမေရိကန်တပ်ဖွဲ့များ ဆက်ရှိရေး မကြာမီကာလအတွင်း အီရတ်ဆုံးဖြတ်ရန်လို

ဘဂ္ဂဒက် ဧပြီ ၂၂

၂၀၁၁ ခုနှစ်အလွန်တွင် အမေရိကန်တပ်ဖွဲ့များကို အီရတ်နိုင်ငံ၌ ဆက်လက်ထားရှိမည်ဆိုပါက အီရတ်အာဏာပိုင် များအနေဖြင့် ဆုံးဖြတ်ချက်ချရန် အချိန်သိပ်မရှိကြောင်း အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ သဘာပတိဗိုလ်ချုပ်ကြီး မိုက်မူလန်က ယနေ့ပြောကြားသည်။

နှစ်နိုင်ငံလုံခြုံရေးသဘောတူစာချုပ်အရ အီရတ်တွင် တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့ဝင် ၄၇၀၀၀ကို အမေရိကန်အစိုးရက မကြာမီကာလအတွင်း စတင်ရုပ်သိမ်းတော့မည်ဖြစ် သည်။

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ ဆက်လက်ထားရှိရေးဆုံးဖြတ်ချက်ကို လာမည့်သီတင်းပတ်အနည်းငယ်အတွင်း အီရတ်အာဏာပိုင်များအနေဖြင့် ချမှတ်ရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးမိုက်မူလန်က ပြောကြားခဲ့သည်။

ဖြစ်လာနိုင်ဖွယ်ရှိ

၂၀၁၁ ခုနှစ် အလွန်၌ အမေရိကန်တပ်ဖွဲ့များကို ဆက်လက်ထားရှိရန် အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက ဆုံးဖြတ်မည်ဆိုပါက အီရတ်နိုင်ငံ၌ အကြမ်းဖက်မှုများတိုးမြှင့်လာနိုင်ဖွယ်ရှိသည်။

ရုပ်သိမ်းရမည့်ကာလထက်လွန်၍ အမေရိကန်တပ်ဖွဲ့များ အီရတ်၌ဆက်ရှိမည်ဆိုပါက လက်နက်စွဲကိုင်ဆန့်ကျင်မည်ဖြစ်ကြောင်း အမေရိကန်ဆန့်ကျင်ရေးဝါဒီရှီးယိုက်ဘာသာရေးခေါင်းဆောင် မွတ်တာဒါးအယ်လ်ဆာဒါးက သတိပေးခဲ့ပြီးဖြစ်သည်။

ရိုက်တာ။

တာလေလျှော်ဘေးသင့်ပြည်သူများအတွက် တိုင်းရင်းဆေးဝါးများ လှူဒါန်း

တာချီလိတ် ဧပြီ ၂၂

တာချီလိတ်ခရိုင် တာလေမြို့ ငလျင်ဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ စဉ်ဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိရာ ဧပြီ ၂၁ ရက်တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ရှမ်းပြည်နယ်(တောင်ကြီး)မှ ဆေးတိုက်ပေါင်း ၃၀၊ တိုင်းရင်းဆေးကုခန်း တစ်ခန်းနှင့် ပအိုဝ်းတိုင်းရင်းဆေးဆရာအသင်းတို့က လှူဒါန်းသောငွေကျပ် ၁၉ သိန်းကျော်တန်ဖိုးရှိ ဆေးဝါးအမျိုးအစားပေါင်း ၈၀ ကို ဦးစိုင်းစိုးသက်နိုင် (ဥက္ကဋ္ဌ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ကျိုင်းတုံခရိုင်) က လာရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ငလျင်ဘေးသင့် ကျကူနီကျေးရွာသွားလမ်း ရေချောင်းကူးကွန်ကရစ်ပိုက်များ တပ်ဆင်

တာချီလိတ် ဧပြီ ၂၂

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ငလျင်ဒဏ်သင့် ကျကူနီကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် တာလေမြို့နှင့် ကျကူနီကျေးရွာ ဆက်သွယ်သော လမ်းပေါ်ရှိ ချောင်း ၁၂ ချောင်းတို့အား ဧပြီ ၂၁ ရက် နံနက်မှစပြီး စက်ယန္တရားဖြင့် ကွန်ကရစ်ပိုက်များတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ယင်းသို့ လုပ်ငန်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင် သွားရောက်ကြည့်ရှုပြီး အမြန်ပြီးစီးစေရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(ခရိုင်ပြန်/ဆက်)

တာလေမြို့ ငလျင်လှုပ်ခတ်မှုကြောင့် ရေထွက်များ ပြောင်းလဲ

တာချီလိတ် ဧပြီ ၂၂

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေမြို့၌ မတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် အချို့ကျေးရွာဒေသများတွင် ရေထွက်များပြောင်းလဲမှုရှိခဲ့သည်။ တာလေမြို့နယ် ပူဟိုမိန်းကျေးရွာနှင့် ကျကူနီကျေးရွာကြား တစ်နေရာတွင် ယခင်နှစ်နှစ်ခန့်က ရေမရရှိသဖြင့် လယ်မြေများ စပါးစိုက်ပျိုးနိုင်ခြင်းမရှိခဲ့ပေ။ ငလျင်လှုပ်ခတ်ပြီးနောက် ယင်းနေရာတွင် ရေထွက်များဖြစ်ပေါ်နေပြီး ဧပြီ ၁၈ ရက်က မော်တော်ယာဉ်တစ်စီးနွံနစ်ခဲ့သည်။ တာလေမြို့နယ် နားယောင်းကျေးရွာအုပ်စု ပါနောက်(ရွာဟောင်း)သည် ယခင်က ကျေးရွာရေရရှိရေးအတွက် တစ်ဖက်တောင်ကြောမှ ရေများသွယ်ယူသုံးစွဲခဲ့သည်။ သို့သော် ငလျင်လှုပ်ခတ်ပြီးနောက် ရေလှောင်ကန်ကို စစ်ဆေးရာ ရေမလာတော့သည်ကို တွေ့ရှိရသည်။ အဖြေမှန်သိရှိရန် ရေသွယ်တန်းရာတောင်ကြောသို့ သွားရောက်ကြည့်ရှုရာ ရေထွက်တွင်ရေများခန်းခြောက်နေသည်ကို တွေ့ရှိရသည်။ ယင်းနေရာတွင် အနက် သုံးပေလောက် တူးကြည့်သော်လည်း ရေများထွက်ရှိခြင်း မရှိသည်ကို တွေ့ရသည်။ အဆိုပါကျေးရွာ၌ ရေရရှိရေး ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

တာလေမြို့ ကျကူနီကျေးရွာတွင် ငလျင်လှုပ်ခတ်ပြီးနောက် ရေထွက်များဖြစ်ပေါ်နေ၍ မော်တော်ယာဉ်တစ်စီး နွံနစ်နေစဉ် (ဝဲပုံ)**နှင့် ယခင်က ကျေးရွာရေရရှိရေးအတွက် တစ်ဖက်တောင်ကြောမှ ရေများသွယ်ယူ သုံးစွဲခဲ့ရာ ယခုငလျင်လှုပ်ခတ်ပြီးနောက် ရေလှောင်ကန်အတွင်း ရေများမလာတော့သည်ကို တွေ့ရစဉ်။** (ယာပုံ)

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

လက်ထပ်မည်ဆိုသော သတင်းများကို ငြင်းဆိုသည့် လင်ချီလိုင်

လွန်ခဲ့သည့် သီတင်းပတ်များအတွင်းက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ကွီယူရှိကိုင်နှင့် လက်ထပ်မည်ဆိုသော သတင်းများ ထွက်ပေါ်ခဲ့ရာ ကိုယ်ဟန်ပြမယ် လင်ချီလိုင်က ယင်းသတင်းများမှာ မဟုတ်မမှန်ကြောင်း အရောင်းမြှင့်တင်ရေးပွဲတစ်ခုတွင် ရှင်းလင်းပြောကြားသည်။

"လက်ထပ်ဖို့အစီအစဉ် မရှိသေးပါဘူး။ ဒီကောလာဟလတွေက ဘယ်ကနေ ထွက်ပေါ်လာမှန်းလည်း မသိပါဘူး" ဟု လင်ချီလိုင်က ဆိုသည်။

သူမအမေ၏ အစီအစဉ်ဖြင့် လက်ထပ်ရမည့်ကိစ္စနှင့် ပတ်သက်၍ ပြောကြားရာတွင် "ရာသီဥတုကောင်းမွန်တဲ့ နေရာလေးတစ်ခုမှာ လက်ထပ်ပွဲလေး ကျင်းပခွင့်ရဖို့တစ်ခုပဲ မျှော်လင့်ပါတယ်။ တခြားဘာကိုမှ အများကြီး မျှော်လင့်မထားပါဘူး"ဟု ပြောကြားသည်။

သူမ မင်္ဂလာပွဲသို့ မီဒီယာသမားများ တက်ရောက်ခွင့် ရ၊ မရမေးမြန်းသည့်အခါတွင် "ပြောဖို့စောပါသေးတယ်"ဟု ဆိုသည်။ လင်ချီလိုင်၏ အမေက သူမကို စောစောအိမ်ထောင်ပြုစေချင်သည်ကိုလည်း သူမသိသည်။

သူမအမေက လင်ချီလိုင်ကို ၂၀၀၈ ခုနှစ်တွင် စေ့စပ်ကြောင်းလမ်း၍ ၂၀၀၉ ခုနှစ်တွင် လက်ထပ်ပြီး ၂၀၁၀ ခုနှစ်တွင်

ကလေးတစ်ယောက်ယူရန် အစီအစဉ်များ ရေးဆွဲထားသော်လည်း ယနေ့တိုင်အောင် လင်ချီလိုင်ကတော့ အပျိုစင်တစ်ယောက်အဖြစ်ရှိနေဆဲပါ။

အင်တာနက်။

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

အရွယ်မလွန်မီ လက်ထပ်ချင်သည့် ဂျီလင်တီစိုင်

အသက် (၃၁)နှစ် ရှိပြီဖြစ်သည့် အဆိုတော် ဂျီလင်တီစိုင်သည် မေ ၂၈ ရက်တွင် ကျင်းပမည့် သူမ၏ ဖျော်ဖြေပွဲ လက်မှတ်အရောင်းမြှင့်တင်ရေးအတွက် မကြာမီက တရုတ်နိုင်ငံပေကျင်းမြို့သို့ ရောက်ရှိခဲ့သည်။ ရိုးသားကြိုးစားမှုကို အရင်းခံပြီး အောင်မြင်ကျော်ကြားသည့် ဘဝကို ပိုင်ဆိုင်လာသည့် အဆိုတော် ဂျီလင်တီစိုင်ကို မီဒီယာများက သတိထားမိသည်မှာ အဆန်းမဟုတ်ပါ။

အထူးကျွမ်းကျင်

ဂျီလင်သည် သီချင်းဆိုသည့်နေရာတွင် နာမည်ကြီးသကဲ့သို့ ချောကလက်ကိတ်မုန့်ဖုတ်သည့်နေရာတွင်လည်း အထူးကျွမ်းကျင်သည်ဟုဆိုသည်။ မကြာသေးမီက ဂျီလင်၊ သူမ၏အစ်မနှင့် အစ်မ၏သားတူလေးဂျက်တို့သုံးဦးသား ဓာတ်ပုံတစ်ပုံ အင်တာနက်စာမျက်နှာပေါ်သို့ ရောက်ရှိခဲ့သည်။

အထူးလက်ဆောင်

ပေကျင်းတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဂျီလင်၏ ပရိသတ်များက သူမအတွက် အထူးလက်ဆောင်အဖြစ် ဒယ်အိုးတစ်လုံးနှင့် ကလေးငယ်ဝတ်

အောင်မြင်ကျော်ကြားလာသည့် အဆိုကျော် ဂျီလင်တီစိုင်။

အဝတ်အစားများကို သူမအတွက် မကြာမီ ပျော်ရွှင်မှုကို ရှာဖွေတွေ့ရှိရန်နှင့် ကိုယ်ပိုင် ရင်သွေးလေးရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပေးခဲ့ကြသည်။

ကတိပေး

ဂျီလင်သည် ပရိသတ်များပေးသည့် လက်ဆောင်ကိုကြည့်၍ အံ့အားသင့်နေရာမှ "မကြာမီဒီပြဿနာတွေ ပြေလည်သွားမှာပါ။ ကျွန်မအသက် (၄၀) မပြည့်ခင်လက်ထပ်ချင်ပါတယ်။ ဒီထက်ပိုပြီး နောက်မကျချင်ပါဘူး။ ကျွန်မရဲ့ ကိုယ်ပိုင်ရင်သွေးလေးတွေကို ပြုစုစောင့်ရှောက် ချင်ပါတယ်။ ပရိတ်သတ်ကြီးကို ကတိပေးပါတယ်။ ကျွန်မအသက်(၄၀) မပြည့်ခင်လက်ထပ်မှာပါ"ဟုဆိုသည်။

"ယခု ပရိသတ်ကြီးပေးတဲ့ လက်ဆောင်ကတော့ လောလောဆယ် ကျွန်မ တူလေးအတွက် ဖြစ်သွားပါပြီ" ဟု သူမက ဆက်လက်ပြောကြားသည်။

အင်တာနက်။

အနုပညာလောကသို့ အပြုံးနှင့်အတူပြန်လာသည့် ကတ်သရင်းဇီတာဂျုံးစ်

အနုပညာလောကနှင့် ခဏတာ အလှမ်းကွာသွားသည့် မင်းသမီးချော ကတ်သရင်းဇီတာဂျုံးစ်သည် အနုပညာလောကသို့ အပြုံးများနှင့်အတူ ပြန်လည်ဝင်ရောက်လာပြီဖြစ်သည်။

စိတ်ကျဝေဒနာခံစားနေရမှုကို ကုစားပြီးနောက် အနုပညာလောကသို့ ပြန်လာရန်ဆုံးဖြတ်ခဲ့ကြောင်း အသက်(၄၁)နှစ်ရှိပြီဖြစ်သည့် ဇီတာဂျုံးစ်က ထုတ်ဖော်ပြောဆိုသည်။

အပြုံးများနှင့်လှပနေသည့် ဇီတာဂျုံးစ်ကို ဂျက်ဆီကာဘိုင်ရယ်၊ ဂျာရက်ဒ်ဘတ်တလာတို့နှင့်အတူ လူဝီစီးနီးယားပြည်နယ် ရှရက်ဗ်ပို့တွင်ရှိသည့် ဟာသဇာတ်မြူးရိုက်ကွင်းတစ်ခုတွင် ဗုဒ္ဓဟူးနေ့က တွေ့ရှိခဲ့ရကြောင်း ပီးပဲလ်မဂ္ဂဇင်းက ရေးသားဖော်ပြသည်။

သူမ၏ အနာဂတ်အစီအစဉ်နှင့် ပတ်သက်၍ Rock of Ages ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် လက်မှတ်ရေးထိုးထားကြောင်း ပီးပဲလ်မဂ္ဂဇင်းသို့ အတည်ပြုပြောကြားသည်။ ယင်းဇာတ်ကားတွင် ရှေးရိုးစွဲဝါဒီ လော့အိန်ဂျလိစ်မြို့တော်ဝန်၏ ဇနီး ရော့ခ်အင်ရိုးတေးဂီတများနှင့် ဝေးဝေးနေလိုသူအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အင်တာနက်။

အေဝမ်းစိုး

အထက်ပိုင်းဒေသများ နေ့အပူချိန်အနည်းငယ်တိုးနိုင်

နေပြည်တော် ဧပြီ ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့၊ အောင်လံမြို့နှင့် ဇောင်းတူမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၂၁ လက်မ၊ နမ့်စန်မြို့နှင့် မင်းတပ်မြို့တို့တွင် သုည ဒသမ ၆၃ လက်မစီ၊ ပြည်မြို့တွင် သုည ဒသမ ၄၃ လက်မ၊ လားရှိုးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် သုည ဒသမ ၃၂ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အလက(၂) သဃ်န်းကျွန်း(သုဝဏ္ဏ) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

အလက(၂)သဃ်န်းကျွန်း(သုဝဏ္ဏ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲတွင် ၁၉၈၀ ခုနှစ် မှ ၂၀၁၀ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့မည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေမရသည်ဖြစ်စေ တက်ရောက်ပူဇော်ကန်တော့ခံကြပါရန်နှင့် ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ (ကြေးမုံ)

ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာမြားပစ်အဖွဲ့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၂

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ဧပြီ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)ဦးဆောင်သည့် မြန်မာမြားပစ်အဖွဲ့သည် ဧပြီ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။(အောက်ပုံ)

ပြိုင်ပွဲဝင် မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင်၊ နည်းပြများအဖြစ် ဦးအောင်နိုင်ဦးနှင့် ဒေါ်မြတ်သူဇာမြင့်၊ အားကစားသမားများအဖြစ် Recurve အမျိုးသား ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ အမျိုးသမီး သင်းသင်းခိုင်၊ စန်းယုထွေး၊ Compound အမျိုးသား ရဲမင်းဆွေ၊ စောမြကျော်သူ၊ အောင်ခြိမ့်ဘော်၊ အမျိုးသမီး အောင်ငိုမ်း၊ လှလှစံနှင့် ယောစိမ်းယတို့ လိုက်ပါသွားကြသည်။ ထို့ပြင် အာရှမြားပစ်အဖွဲ့ချုပ်မှ တာဝန်ပေးအပ်ခြင်းခံရသော မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ အာရှမြားပစ်အဖွဲ့ချုပ်ဒိုင်လူကြီး ဒေါ်ကေသီမှာလည်း ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်နိုင်ရန် လိုက်ပါသွားကြောင်း သိရသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာမြားပစ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်လျက်ရှိပြီး အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိနိုင်သည့် ကစားသမားများကိုသာ ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန် မြန်မာမြားပစ်အဖွဲ့သည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ကမ္ဘာ့ထိပ်သီး၊ အာရှထိပ်သီး မြားပစ်နိုင်ငံများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သောကြောင့် အတွေ့အကြုံကောင်းများရရှိပြီး အင်ဒိုနီးရှားဆီးဂိမ်း ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်ဆောင်ရွက်နေမှုအပေါ် အထောက်အကူကောင်းများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ထိုင်းတံခွန်စိုက် ဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲဝင်ရန် မြန်မာပြေးခုန်ပစ်အဖွဲ့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဧပြီ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် ထိုင်းတံခွန်စိုက်ဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဧပြီ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးသာအောင်(အမှုဆောင်၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်)၊နည်းပြများအဖြစ် ဦးကျော်ကျော်ဝင်းနှင့် ရဲအုပ်စမ်းစမ်းစိမ့်၊ အားကစားသမားများအဖြစ် အမျိုးသား ချစ်စမ်းမောင်(မီတာ-၁၀၀)၊ သက်ဇော်ဝင်း (မီတာ-၄၀၀၊ မီတာ၈၀၀)၊ မောင်ချက်(မီတာ-၁၅၀၀)၊ ထွန်းထွန်းလင်း (တုတ်ထောက်ခုန်)၊ ကျော်ညီညီထွေး(လုံးတံပစ်)၊အမျိုးသမီးကေခိုင်လွင်(မီတာ-၁၀၀၊ မီတာ၂၀၀)၊ ယဉ်ယဉ်ခိုင် (မီတာ-၄၀၀)၊ အေးအေးသန်း (မီတာ-၈၀၀)၊ကေခိုင်မျိုးထွန်း (ကီလိုမီတာ ၂၀ လမ်းလျှောက်)နှင့် သန်းတိုးခင်မျိုးအောင် (မီတာ-၁၅၀၀၊ မီတာ ၅၀၀၀)တို့ လိုက်ပါ သွားကြသည်။ (ကြေးမုံ)

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့က မန်ယူကိုဖိအားပေးနေဦးမည် အသင်းတိုင်းအတွက် အမှားခံ၍မရတော့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၄)

ပရီမီယာလိဂ်ပွဲစဉ်(၃၄)ကို ဧပြီ ၂၃ ရက် (ယနေ့)ည၊ ဧပြီ ၂၄ ရက်(တနင်္ဂနွေနေ့) ညနှင့် ဧပြီ ၂၆ ရက် (အင်္ဂါနေ့) နံနက်ပိုင်းတို့တွင် ကျင်းပမည်ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ်များပြီးဆုံးရန် ပိုမိုနီးကပ်လာချိန်တွင် အသင်းတိုင်းအတွက် အမှားခံ၍မရတော့ခြင်းကြောင့် ပြိုင်ဆိုင်မှုများက ဆက်လက်ပြင်းထန်နေဦးမည် ဖြစ်သည်။

မန်ယူ-အဲဗာတန်။ ။မန်ယူအနေဖြင့် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ကို ခြောက်မှတ်ဖြတ်ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ အဲဗာတန်ကမူ အဆင့်(၇)တွင် ရပ်တည်နေပြီး လီဗာပူး၊ ဘော်လ်တန်တို့နှင့်အပြိုင် ယူရိုပါလိဂ်ဝင်ခွင့်ရရေး ကြိုးပမ်းနေသည်။ ဤသို့



မန်ယူအသင်း၏ တိုက်စစ်တွင် နေရာ ရလာသည့် ဟာနန်ဒက်ဇ်။

အနေအထားတွင် နှစ်သင်းလုံးအတွက် အမှတ်လိုအပ်နေပြီး လုံးဝအမှားခံ၍ မရပေ။

မန်ယူကွင်းလယ်တွင် ပေါလ်စခိုးပွဲပယ်ပြစ်ဒဏ်ထိထားသော်လည်း နာနီနှင့် ဗလင်စီယာတို့၏ တောင်ပံနှစ်ဖက်က ထိုးဖောက်မှုအားကောင်းနေဆဲဖြစ်သည်။ အဲဗာတန်ကလည်း ဘက်ဖို့ဒ်၊ ဆာဟာ၊ နဗီးလ်၊ ဂျာဂျီကာ၊ ဟိုက်တင်ဂါ၊ ဘိန်းစ်တို့၏အားနှင့် နောက်ဆုံးခြောက်ပွဲတွင် ရှုံးပွဲမရှိဘဲ ငါးပွဲတိတိနိုင်ပွဲရထားသည်။ သို့သော် ယခုပွဲတွင် ဆာဟာ၊ အာတီတာနှင့် ကာဟေးလ်တို့ ကြံ့ခိုင်မှုမပြည့်ဝခြင်းက အဲဗာတန်အတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာနိုင်သည်။ ချန်ပီယံလမ်းကြောင်းပေါ်ကမန်ယူ အိမ်ကွင်းတွင် အသာစီးရနိုင်သော်လည်း ပွဲကျပ်ကာလကြုံတွေ့နေရ၍ ဂိုးပြတ်ရန် မမျှော်လင့်သင့်ပေ။

ချယ်လ်ဆီး-ဝက်စ်ဟမ်း။ ။ပွဲစဉ်(၃၃) အပြီးတွင် ချယ်လ်ဆီးဒုတိယနေရာကို တက်လာသည်။ ဝက်စ်ဟမ်းကမူ အဆင့်(၁၉)တွင် ရှိနေပြီး တန်းဆင်းရရန် နီးစပ်နေပြီဖြစ်သည်။ နောက်ပိုင်းပွဲစဉ်များတွင် ချယ်လ်ဆီးလူစုံနေပြီး နိုင်ပွဲဆက်မှုများနှင့် အတူ အမှတ်ပေးဇယားထိပ်က မန်ယူကို ဖိအားပေးလာနိုင်ခဲ့သည်။

မန်ယူအသင်း၏ ခြေချော်မှုကို စောင့်မျှော်ရင်း အသက်ဆက်နေသည့်

အဲဗာတန်တွင် ခြေစွမ်းပြဂိုးသွင်းနေသည့် ဘက်ဖို့ဒ်။

ချယ်လ်ဆီးသည် ယခုပွဲတွင်လည်း ဝက်စ်ဟမ်းအပေါ် သက်ညှာမှုမရှိဘဲ လူစုံထုတ်ကာ နိုင်ပွဲရရေးကြိုးပမ်းလာဦးမည်ဖြစ်သည်။ နောက်ဆုံးလေးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးထားသည့် ဝက်စ်ဟမ်း ခြေကုန်ထုတ်ရုန်းကန်လာမည်ဖြစ်သော်လည်း ချယ်လ်ဆီး၏ အရိပ်အောက်က ရုန်းထနိုင်မည် မထင်ပေ။

ဘော်လ်တန်-အာဆင်နယ်။ ။ အဆင့်(၈)ကဘော်လ်တန် ယူရိုပါလိဂ်ဝင်ခွင့်ရရေးကြိုးပမ်းနေသကဲ့သို့ အာဆင်နယ်ကလည်း ဒုတိယနေရာပြန်လည်ရယူနိုင်ရေး ကြိုးစားလာမည်ဖြစ်သည်။ ပထမအကျော့ အမ်းမရိတ်တွင် အာဆင်နယ်ဂိုးပြတ်နိုင်ထားသော်လည်း ယခုအကြိမ်တွင် ထိုသို့လွယ်ကူမည်မဟုတ်ပေ။

ဘော်လ်တန်တိုက်စစ်တွင် ချယ်လ်ဆီးက အငှားချထားသည့် စတာရက်ချ်ပွဲတိုင်းလိုလို ဂိုးသွင်းနေသည်။ ဘော်လ်တန်၏ ရစ်သမ်က မှန်နေဆဲအချိန်တွင် အာဆင်နယ် ခြေယိုင်နေကာ ဂိုးသွင်းစွမ်းရည် ကျဆင်းနေသည်။ ထိုသို့အနေအထားမျိုးတွင် သရေကျရန် ရာနှုန်းများနေပြီး အာဆင်နယ်နိုင်မည်ဆိုလျှင်လည်း ဂိုးအများကို မမျှော်လင့်သင့်ဟု ဆိုချင်သည်။

အင်တာနက်။

ပရီမီယာလိဂ်ပွဲစဉ်(၃၄)ပွဲစဉ်များ

၂၃-၄-၂၀၁၁(စနေနေ့)
ညနေ ၆း၁၅ နာရီ
မန်ယူ - အဲဗာတန်
ည ၈း၃၀ နာရီ
ဗီလာ - စတုတ်စီးတီး
ဘလက်ပူး - နယူးကာဆယ်
လီဗာပူး - ဘာမင်ဂမ်
ဆန်းဒါးလန်း - ဝီဂန်
စပါး - ဝက်စ်ဘရွန်း
ဝုလ်ဗာဟမ်တန် - ဖူလ်ဟမ်
ည ၁၁ နာရီ
ချယ်လ်ဆီး - ဝက်စ်ဟမ်း
၂၄-၄-၂၀၁၁(တနင်္ဂနွေနေ့)
ည ၉း၃၀ နာရီ
ဘော်လ်တန် - အာဆင်နယ်
၂၆-၄-၂၀၁၁(အင်္ဂါနေ့)
နံနက် ၁း၃၀ နာရီ
ဘလက်ဘန်း - မန်စီးတီး

လာမည့်ရာသီတွင် ရှနိုက်ဒါကို မန်ယူခေါ်ယူမည်

မန်ချက်စတာ ဧပြီ ၂၂

မန်ယူအသင်း၏ ကွင်းလယ်တွင် ဝါရင့်ကစားသမားများ ဖြစ်ကြသည့် ပေါလ်စခိုးနှင့်ဂစ်တို့ အသက်အရွယ်ရလာချိန်တွင် ဖာဂူဆန်အတွက် နောက်ထပ်အရည်အချင်းရှိကစားသမားခေါ်ယူရန် မဖြစ်မနေလိုအပ်လာပြီ ဖြစ်သည်။ သို့အတွက်ကြောင့် ဖာဂူဆန်သည် လာမည့်ဘောလုံးရာသီတွင် အင်တာမီလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါကို ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

ဖာဂူဆန်သည် မူလက စပါးကွင်းလယ်ကစားသမား မော့ဒရစ်ကို ခေါ်ယူရန် ရည်မှန်းထားသော်လည်း ယခုအချိန်တွင် ၎င်း၏အဓိကပစ်မှတ်မှာ ရှနိုက်ဒါဖြစ်လာသည်ဟုဆိုသည်။ ဖာဂူဆန်သည် ရှနိုက်ဒါကို ပေါင် ၂၅ သန်းပေး၍ ခေါ်ယူမည်ဟု သတင်းများတွင် ဖော်ပြထားသည်။ ရှနိုက်ဒါသည် ခံစစ်ရော တိုက်စစ်ကိုပါ ကောင်းကောင်းလိုက်ပါ ကစားနိုင်ပြီး ကိုယ်တိုင်လည်း ဂိုးသွင်းစွမ်းရည်ရှိသည့် ကွင်းလယ် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် အင်တာမီလန်အသင်းနှင့် ၂၀၁၅ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသည်။ ***အင်တာနက်။***

မန်ယူအသင်းမှ ခေါ်ယူရန် အဓိကပစ်မှတ်ထားနေသည့် အင်တာမီလန် ကွင်းလယ်ကစားသမား ရှနိုက်ဒါ။

ဘောလုံးလောက သတင်းတိုများ

- *ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်မှ မန်ယူကို အဓိကခြိမ်းခြောက်နေသည့် အသင်းမှာ မိမိတို့ချယ်လ်ဆီးအသင်းပင်ဖြစ်ကြောင်း ဂိုးသမား ပီတာချက်က ပြောကြားလိုက်သည်။*
- *မိမိ၏အနာဂတ်အတွက် ချယ်လ်ဆီးအသင်းနှင့် ထိပ်တိုက်ဆွေးနွေးသွားမည်ဟု ဒရော့ဘာက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။*
- *အင်တာမီလန်တိုက်စစ်မှူး မီလီတိုကိုခေါ်ယူရန် အာဆင်နယ်နှင့် စပါးတို့ အပြိုင်ကြိုးပမ်းနေကြသည်ဟု သိရသည်။*

ဟန်သစ်

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၄-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ မေမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇း၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၄။ အဖွင့်သီချင်း
၁၁း၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၆။ ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး(အပိုင်း-၄၉)
၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ရွှက်ကြွေမျက်ရည် (ပြေတီဦး၊ မေကဗျာ) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၁း၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၆၀)**
၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၃ ၇။ မြန်မာသံစဉ်
၄း၃၀ ၈။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄း၄၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ၁၀။ ကုန်သွယ်သုတ
၄း၅၅ ၁၁။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၁၀ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၃။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၆။ စားဖိုဆောင်ချစ်သူ
၇း၄၀ ၁၇။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၁)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ လူ့ရွှင်တော်စတား
၂၄။ အင်္ဂလိပ်စာသုတ
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ(အပိုင်း-၇)**
၂၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၄၇)**
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

ဓာတ်ရောင်ခြည်ကို ထောက်လှမ်းသိရှိနိုင်သောစက်ရုပ် တရုတ်နိုင်ငံက တီထွင်ထုတ်လုပ်

ပေကျင်း ဧပြီ ၂၂

အရေးပေါ် အခြေအနေများတွင် ဓာတ်ရောင်ခြည်နှင့် လူကို အန္တရာယ်ပြုသော ဓာတုပစ္စည်းများကို ထောက်လှမ်းသိရှိနိုင်သည့် အဝေးထိန်း စက်ရုပ်များကို တရုတ်နိုင်ငံက အောင်မြင်စွာ ထုတ်လုပ်လိုက်ပြီဖြစ်သည်။

အလျား ၈၈ စင်တီမီတာ၊ အလေးချိန် ၃၀ ကီလိုဂရမ်ရှိသော အဆိုပါ စက်ရုပ်မှာ ၆၀ ဒီဂရီစောင်းသည့် ဆင်ခြေလျှောကို တက်နိုင်ခြင်း၊ လှေကားပေါ်မှ ဆင်းနိုင်ခြင်း၊ ရေထဲဖြတ်လျှောက်နိုင်ခြင်းနှင့် ခက်ခဲသော အကွေ့အကောက်များကို ကွေ့ပတ်သွားလာနိုင်ခြင်းစသော ထူးခြားသည့် စွမ်းရည်များရှိသည်။

တရုတ်နိုင်ငံ နန်ကျင့်သိပ္ပံနှင့် အင်ဂျင်နီယာတက္ကသိုလ်မှ ပါမောက္ခဆွန်အီကူယိုက အဆိုပါ စက်ရုပ်သည် ရှုပ်ထွေးသည့် အရေးပေါ်အခြေအနေများတွင် ဓာတ်ရောင်ခြည်နှင့် ဓာတုပစ္စည်းများကို ထောက်လှမ်းသိရှိနိုင်ကြောင်းဆိုသည်။

စက်ရုပ်မှာ ဓာတ်ရောင်ခြည်စိမ့်ထွက်သော နျူကလီးယားဓာတ်ပေါင်းဖိုကို တွေ့ရှိပါက ဓာတ်ရောင်ခြည် ထွက်ရှိသော နေရာနှင့် ထွက်ရှိသော ဓာတ်ရောင်ခြည်ပမာဏကို ဓာတ်ပုံရိုက်ကူးနိုင်ပြီး ယင်းမှတစ်ဆင့် သတင်းအချက်အလက်များကို လိုရာသို့ ပို့ဆောင်ပေးနိုင်သည်။ ထို့ပြင် စက်ရုပ်မှာ မျက်စိလေးလုံးပါရှိသဖြင့် ဓာတ်ရောင်ခြည်များကို တစ်ကီလိုမီတာ အကွာအဝေးမှ ထောက်လှမ်းသိရှိနိုင်သည်။

ပါမောက္ခဆွန်အီကူယိုက အဆိုပါ စက်ရုပ်သည် နန်ကျင့် သိပ္ပံနှင့် အင်ဂျင်နီယာတက္ကသိုလ်မှ ထုတ်လုပ်သော စက်ရုပ်များအနက် ပဥ္စမမြောက် မျိုးဆက်ဖြစ်ကြောင်း၊ ယင်းတက္ကသိုလ်သည် ၂၀၀၇ ခုနှစ်ကတည်းက စက်ရုပ်များ ထုတ်လုပ်ခဲ့ပြီး ထုတ်လုပ်သော စက်ရုပ်များကို ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်ပွဲတော်နှင့် ၂၀၁၀ ခုနှစ် ရှန်ဟိုင်း ကုန်စည်ပြပွဲတို့တွင် လုံခြုံရေးအထောက်အကူပြု ပစ္စည်းများအဖြစ် အသုံးပြုခဲ့ကြောင်း ဆိုသည်။

ဝရဇိန်

စိုက် ပျိုး ရေး စွမ်း အား

ချောင်းဦးမြို့နယ် မိတ္တသုခ လယ်/ထွေအသင်းမှ အသင်းသားတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

မုံရွာ ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မိတ္တသုခလယ်/ထွေအသင်းမှ အသင်းသားတောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၉ နာရီက ထူးနီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ချောင်းဦးမြို့နယ် ဦးစီးအရာရှိ ဦးမျိုးမြင့်နှင့် နယ်မြေတာဝန်ခံများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဦးအောင်မျိုးသန့်၊ အသင်းဥက္ကဋ္ဌဦးဖိုးမြွေနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားတောင်သူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် (စစ်ကိုင်း)မှ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံ ပေးအပ်သည်။

တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်(စစ်ကိုင်း)မှ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၁၂ ဒသမ ၅သိန်းကို ထုတ်ချေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာအလင်းစာကြည့်တိုက် စာအုပ်လှူဒါန်းပွဲ

ဘိုကလေး ဧပြီ ၂၂

ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ ပညာအလင်းစာကြည့်တိုက် ထာဝရငွေပဒေသာပင် စိုက်ထူပွဲ၊ စာအုပ်များ လှူဒါန်းပွဲနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ဧပြီ ၃ ရက်က အထက မူလတန်းကျောင်းဆောင်သစ်၌ ကျင်းပရာ စာကြည့်တိုက် အလှူရှင် ရန်ကုန်မြို့နေ ဦးကံလှ၊ (ဒေါ်ပို) မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးမြင့်စိုး-ဒေါ်ဘုတ်ဘုတ်(မာလာမြိုင်စိုက်ပျိုးရေး) က ငွေကျပ် တစ်သိန်း၊ စာကြည့်တိုက် တိုင်းဒေသကြီး ပထမဆုရ ဆုငွေကျပ် ငါးသောင်းနှင့် စေတနာရှင်များ၏ ဝတ္ထုမဂ္ဂဇင်းဂျာနယ်များ လှူဒါန်းခြင်းနှင့် ရန်ကုန်မြို့ ဓမ္မဗျူဟာအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာမများက ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်သင်ကြားရာ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀၀ ခန့် တက်ရောက်ကြပြီး အဖြူရောင်မေတ္တာအဖွဲ့၊ ရွှေညီအစ်ကိုအစ်မများအဖွဲ့နှင့် အခြားသော ဓမ္မမိတ်ဆွေများမှလည်း သင်တန်းဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီလှူဒါန်းကြသည်။**(အောက်ပုံ)**

(၅၂၄)

ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာ၌ မြတ်မင်္ဂလာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နေပြည်တော် ဧပြီ ၂၂

ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာ အုပ်စု ကျူတောဝကျေးရွာ၌ အလှူရှင် ဦးလှညွှန့်-ဒေါ်မုန်းတို့က အလျား ၂၇ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်နံကပ် ပတ်ကား တစ်ထပ် အဆောက်အအုံအဖြစ် ငွေကျပ် သိန်း ၇၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့သည့် မြတ်မင်္ဂလာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖုန်းနိုင်၊ ကျူတောဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရွှေမန်းနှင့် စာကြည့်တိုက် အလှူရှင်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အလှူရှင်များက မြတ်မင်္ဂလာစာကြည့်တိုက်အတွက် အလှူငွေ၊ စာအုပ်စာတမ်းများ၊ ပရိဘောဂပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက် ကော်မတီဝင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း နောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေး

အင်းတော် ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့၌ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း နောက်ဆက်တွဲ စာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ(သင်တန်း)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ဗန်းမောက်မြို့နယ် မြေစာရင်းရုံးခန်းမ၌ ကျင်းပရာ ဗန်းမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးမော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ဗန်းမောက်မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ(သင်တန်း)သို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ကြောင်း သိရသည်။

(၂၃၃)

အထွက်နှုန်းကောင်း နေကြာစိုက်ပျိုး၍ မိသားစုဝင်ငွေကောင်း

ဂန့်ဂေါ ဧပြီ ၂၂

ဂန့်ဂေါမြို့နယ်တွင် ဧပြီလလယ်ကာလ၌ နေကြာစေ့တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ နှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။ နေကြာစေ့သုံးတင်းကြိတ်လျှင် နေကြာဆီ ၁၀ ပိဿာ ရရှိသည်ဟု သိရသည်။ အဆိုပါ နေကြာစေ့ကို စုဆောင်း၍ ပခုက္ကူ၊ မုံရွာမြို့များသို့ တင်ပို့ရောင်းချကြသည်လည်းရှိရာ သယ်ဆောင်စရိတ် ကုန်ချိန် တစ်ပိဿာလျှင် ၆၅ ကျပ် ပေးချေရကြောင်း သိရသည်။

နေကြာစိုက်ပျိုးသဖြင့် မိသားစုဝင်ငွေတိုးလျက်ရှိ၍ နေကြာမှာ မိုးရာသီတွင် စိုက်ပျိုးခြင်းထက် ဆောင်းရာသီတွင် စိုက်ပျိုးခြင်းက အထွက်နှုန်း ပိုကောင်းသည်ဟု ဂန့်ဂေါမြို့နယ် လယ်ကြီးကျေးရွာမှ နေကြာစိုက်တောင်သူတစ်ဦးက ပြောကြားသည်။ မိုးရာသီစိုက်နေကြာမှာ ၁၉ တင်း၊ ဆောင်းရာသီစိုက်နေကြာမှာ တစ်ဧက တင်း ၃၀ အထွက်နှုန်းရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်၌ ၂၀၁၀-၂၀၁၁ ခုနှစ်၌ မိုးရာသီတွင် နေကြာ ၂၂၀၇ ဧက စိုက်ပျိုး၍ ဆောင်းရာသီတွင် ၁၉၃၆၇ ဧက စိုက်ပျိုးသဖြင့် နေကြာစေ့ တင်းပေါင်း ခြောက်သိန်း သုံးသောင်းကျော် ထွက်ရှိမည်ဟုသိရသည်။

(၄၆၅)

တပ်ကုန်းမူကြို ကလေးဉာဏပြိုင်ပွဲဆုပေး

တပ်ကုန်း ဧပြီ ၂၂

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် မူကြိုအရွယ်ကလေးငယ်များ ကာယ/ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြတ် မူကြို၊ နှင်း မူကြို၊ ဟိန်းသစ္စာ မူကြိုနှင့် မိခင်နှင့်ကလေး မူကြိုကျောင်း လေးကျောင်းမှ သားငယ်၊ သမီးငယ်များက ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ချစ်စရာ့အရွယ် ကစားကြမယ် ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူက ပထမဆုရရှိသော နှင်းမူကြိုကျောင်းအား ဆုများပေးအပ်ချီးမြှင့်သည်။**(အောက်ဝဲပုံ)**

(၀၉၂)

ပြည်နယ်စည်ပင်ညွှန်မှူး မိုးကောင်းမြို့မဈေး စစ်ဆေး

မိုးကောင်း ဧပြီ ၂၂

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် မတ် ၁၈ ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မိုးကောင်းမြို့ မြို့မဈေး သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ၊ ဈေးသည်များ စည်းကမ်းတကျရောင်းချမှု ရှိ၊ မရှိနှင့် ဈေးမီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့က ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။

(၄၉၉)

ကောလင်းစံတော်သာ ဘိုးဘွားရိပ်သာ ခေတ်မီတိုင်းရင်းဆေးဝါးဖြင့် ကုသပေး

ကောလင်း ဧပြီ ၂၂

ကောလင်းမြို့နယ် နန္ဒင်းတောအုပ်စုရွာပကျေးရွာအနီး စံတော်သာ ဘိုးဘွားရိပ်သာတွင် တစ်ပတ်လျှင် တစ်ကြိမ်ကျ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာ့တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်း၍ ဘိုးဘွားများ၏ ကျန်းမာရေးအတွက် ကွင်းဆင်းကုသပေးလျက်ရှိကြသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်စိုးက သောကြာနေ့တိုင်းနှင့် တိုင်းရင်းဆေးဦးစီးဌာန သမားတော်ဦးတင့်ဆွေက အင်္ဂါနေ့တိုင်း ဆေးဝါးကုသခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေး၊ ဆီး၊ သလိပ်များ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ကော်မတီဝင် ဒေါက်တာဒေါ်စင်သောင်း (ဖိုးလမင်းဆေးခန်း)က ကူညီဆောင်ရွက်သည်။ စံတော်သာဘိုးဘွားရိပ်သာတွင် ဇန်နဝါရီ ၁၉ ရက်က အဘိုးအဘွား ၁၀ ဦးအား စတင်လက်ခံခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ဧပြီ ၆ ရက် နံနက်ပိုင်းက သန့်စင်သော သွေးရရှိရေး အသိပေးဆွေးနွေးပွဲကို ကန့်ဘလူမြို့ မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ ခုတင်(၁၀၀)ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်းက ရွှေဘိုခရိုင် ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မွန်က သွေးမှတစ်ဆင့် ကူးစက်တတ်သောရောဂါနှင့် သန့်စင်သောသွေးရရှိရေး ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် သွေးလှူရှင်အသင်း ဖြစ်မြောက်ရေးတို့ကို အသိပေးဆွေးနွေးစဉ်။ (၃၈၆)

ဇီဝနည်းပညာသတင်း | ဘာသာပြန် - ရောဟောင်

လူသားမိခင်နို့ရည်၏ ဂုဏ်သတ္တိများပါဝင်မည့် နို့ရည်ကို မျိုးဗီဇပြောင်းလဲထားသော နွားမများမှ ထုတ်လုပ်မည်

လူသားမိခင်နို့ရည်၌ ပါဝင်သော အာဟာရဓာတ်အများစုပါဝင်မည့် နို့ရည်တစ်မျိုးကို မျိုးဗီဇပြုပြင် ပြောင်းလဲထားသော နွားမများမှ ထုတ်လုပ်သည့် လုပ်ငန်းကို တရုတ်နိုင်ငံတွင် မကြာမီ စတင်တော့မည်ဖြစ်ကြောင်း တရုတ်သိပ္ပံ ပညာရှင်တစ်ဦးက ဧပြီ ၁၅ ရက်တွင် ပြောကြားသည်။

လူသားမိခင်နို့ရည်၏ ဂုဏ်သတ္တိများပါဝင်မည့် နို့ရည်ကို မျိုးဗီဇပြောင်းလဲထားသော နွားမများမှ ထုတ်လုပ်ရန် တရုတ်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း တရုတ်လယ်ယာစိုက်ပျိုးရေး တက္ကသိုလ်ရှိ စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာသုတေသနဌာနမှ သုတေသီလီနင်းက ပြောကြားသည်။

မျိုးဗီဇပြောင်းလဲထားသော နွားမများမှ ထုတ်လုပ်ပေးမည့် နွားနို့ကို တရုတ်ဈေးကွက်တွင် လာမည့်နှစ်နှစ်အတွင်း ရောင်းချနိုင်မည်ဖြစ်ကြောင်း လီက ပြောကြားသည်။

တရုတ်သိပ္ပံပညာရှင်များသည် နွားမများ၏ မျိုးဗီဇဆိုင်ရာ လျှို့ဝှက်ချက်များကို လေ့လာဖော်ထုတ်ခဲ့ကြသည်။

လူသားမိခင်နို့ရည်၌ ပါဝင်သော ပရိုတိန်း(ခေါ်)အသားဓာတ်များဖြစ်သည့် လက်တယ်ဘူမင်၊ လက်တိုဖာရင် နှင့် လီဆိုစွမ်းတို့ကို မျိုးဗီဇပြောင်းလဲထားသော နွားမများ၏ နို့ရည်တွင် ပါဝင်မည်ဖြစ်သည်။

ဖော်ပြပါ ပရိုတိန်းများကို လူ့ခန္ဓာကိုယ်က အလွယ်တကူ စုပ်ယူနိုင်ပြီး လူ့ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေနိုင်ကြောင်း လီက ပြောကြားသည်။

လူသားမိခင်က သူမ၏ ရင်သွေးငယ်အား မိခင်နို့တိုက်ကျွေးခြင်းသည် နွားနို့ သို့မဟုတ် နို့မှုန့်တိုက်ကျွေးခြင်းထက် ပိုမိုကောင်းမွန်ကြောင်း၊ ယနေ့ကာလအထိ ရင်သွေးငယ်များအတွက် မိခင်နို့ကို အစားထိုးနိုင်မည့် အခြားနို့ရည် ပေါ်ပေါက်လာခြင်း မရှိသေးကြောင်း ၎င်းက ပြောကြားသည်။

လူသားမိခင်နို့ရည်၏ ထူးခြားချက်မှာ ပဋိပစ္စည်းများ (antibodies)နှင့် ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးကို ကောင်းမွန်စေနိုင်သော ပရိုတိန်းဓာတ်တစ်မျိုး ပါဝင်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

မျိုးဗီဇ ပြောင်းလဲထားသော နွားမများမှ ထုတ်လုပ်မည့် နွားနို့ကို တရုတ်ဈေးကွက်တွင် လာမည့်နှစ်နှစ်အတွင်း ရောင်းချတော့မည်ဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)



တွေ့ဆုံဆွေးနွေး

သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာထောက်(၃) ဒေါ်ရည်လေးလွင်နှင့်အဖွဲ့ မတ် ၃၁ ရက်က ၁/ထူပါရုံရပ်ကွက်ရှိ သုတဘာဏ် စာကြည့်တိုက်၌ စာကြည့်တိုက်ကော်မတီဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် စာဖတ်ပရိသတ်များ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးကြရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း အမှာစကားပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရေစက်ရုံအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ညိုညိုရီ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စိုက်ပျိုးထွက်ကုန်စုံလင် အမြို့မြို့အနယ်နယ်တစ်ခွင်

နွားထိုးကြီးတွင် ဆီထွက်သီးနှံကေ နှစ်သိန်းခန့်စိုက်ပျိုး

နွားထိုးကြီး ဧပြီ ၂၂

နွားထိုးကြီးမြို့နယ်တွင် မတ်လနောက်ဆုံးပတ်မှစတင်၍ မိုးရွာသွန်းနေပြီဖြစ်၍ မြို့နယ်တောင်သူများ နွေထွန်ရေး ထယ်ရေးလုပ်ငန်းဝင်နေကြသည်။

မိုးစပါးသီးနှံကို ဧက သုံးသိန်းကျော်ထိ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်နေပြီး ယခုနှစ်တွင်လည်း ထွန်ရေး ထယ်ရေး တမန်းညက်စေရန် နွေထွန်ရေးထယ်ရေးစတင်ပြီး နွားချေးမြေဩဇာ၊ သစ်ရွက်ဆွေးမြေဩဇာ၊ လချေးမြေဩဇာစသဖြင့် သွင်းအားစုများလည်း မြေချနေသည်။ နှမ်း၊ မြေပဲ၊ ဝါ၊ ဆီထွက်သီးနှံပဲမျိုးစုံကို မိုးဦးတွင် စိုက်ကြပြီး ဆီထွက်သီးနှံဧက နှစ်သိန်းခန့်ရှိကြောင်း သိရသည်။

(၉၅)

လယ်ယာသန်းခေါင်စာရင်းကောက်ယူမှု ကွင်းဆင်းစစ်ဆေး

မိုးကောင်း ဧပြီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး(ကြေးတိုင်နှင့်စီမံကိန်း) ဦးမြင့်ဆွေသည် ကချင်ပြည်နယ်မြေစာရင်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးသိန်းဦး၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းနောင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသက်နောင်တို့လိုက်ပါလျက် မတ် ၁၂ ရက်က မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် အင်းပေါင်းကျေးရွာအုပ်စု၌ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း၊ နောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (၄၉၉)

မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန



ဧပြီ ၁၅ ရက် (မဟာသင်္ကြန်အကြတ်နေ့)က ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြည်-ရန်ကုန် ကားလမ်းပေါ်ရှိ နွားမယ်စံပြကျေးရွာ ပိတောက်ရွှေဝါ ရေကစားမဏ္ဍာပ်၌ ပြည်သူများပျော်ရွှင်စွာ ရေပက်ကစားနေကြသည်ကို တွေ့ရစဉ်။ (၁၄၃)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်(၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်း နား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့်ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆ အေ၊ မြေကွက်အမှတ် ၉၈၊ ဧရိယာ(၀. ၇၂၃)ဧက မြေပိုင်မြေအမျိုးအစား အကျယ်ရှိ မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေပုံပေါ်တွင် (A)အမှတ်အသားပြ ဧရိယာ $\frac{၆၅ပေ}{၆၂.၅ပေ} \times \frac{၁၈၉ပေ}{၁၈၉ပေ}$ အကျယ်ခန့်ရှိ မြေကွက်နှင့် (B)အမှတ်အသားပြ (၁၁ပေ×၁၁၉ပေ)အကျယ်ရှိ မြေကွက်အား လမ်းအသုံးပြုခွင့်တို့ပါဝင်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအားလုံးကို အဆက်အစပ်စာချုပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူ ဦးတင်ထူး[၁၂/တမန(ဧည့်)၀၀၀၂၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့နှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းနိုင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၄၈)
အမှတ်-၁၅၈/၁၆၈၊ အခန်း-၁၈၊ ပထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀၊ ၀၁-၃၉၁၃၃၂(ရုံး)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အာတိတ်ဒေသရေခဲပြင်များ အရည်ပျော်ဆင်းမှု မီးခိုးမှိုင်းကြောင့်ဖြစ်ပေါ် နိုင်ဟု သုတေသီတို့ယူဆ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အင်တာနက်သတင်း

ဘာသာပြန် - တက်လူ

ဝါရှင်တန် ဧပြီ ၂၂

ကမ္ဘာ့မြောက်ဝင်ရိုးစွန်းဒေသရှိ ရေခဲပြင်များအရည်ပျော်ဆင်းမှုကို တိုးတက်ဖြစ်ပေါ်စေသော အကြောင်းတရားတစ်ရပ်မှာ အာတိတ်ဒေသ၌ ဖွဲ့စည်းနေသည့် မီးခိုးမှိုင်းဖြစ်နိုင်ကြောင်း နိုင်ငံတကာ သုတေသနအဖွဲ့တစ်ဖွဲ့၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကမ္ဘာ့မြောက်ဝင်ရိုးစွန်း (အာတိတ်ဒေသ)၌ မကြာသေးမီက ပူနွေးသည့် အခြေအနေ လျင်မြန်စွာဖြစ်ပေါ်လာခဲ့ခြင်းသည် ယင်းဒေသတွင် မီးခိုးမှိုင်းအလွှာ ဖွဲ့စည်းဖြစ်ပေါ်ခြင်းကြောင့်ဟု ယူဆရကြောင်း၊ ပါးလွှာသော မီးခိုးမှိုင်းအလွှာကို သာမန်မျက်စိဖြင့် မြင်နိုင်စွမ်းမရှိကြောင်း အမေရိကန်နိုင်ငံရှိ ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ လေ့လာရေးအဖွဲ့မှ သုတေသီပက်ထရစ်ကွင်းက ပြောကြားသည်။

ကမ္ဘာ့မြောက်ဝင်ရိုးစွန်းဒေသ၌ ရေခဲပြင်များ ပိုမိုပျော်ဝင်လာခြင်းဖြင့် ကမ္ဘာ့ရာသီဥတုအပေါ် ကာလရှည် အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟု သုတေသီများက ယူဆကြသည်။

ကမ္ဘာပေါ်ရှိ အခြားဒေသများမှ အပူအခိုးအငွေ့များသည် လှည့်ပတ်နေသောလေနှင့် ပင်လယ်သမုဒ္ဒရာ ရေစီးကြောင်းတို့မှတစ်ဆင့် အာတိတ်ဒေသသို့ ရောက်ရှိလာကြောင်း၊ ယင်းနောက်တွင် အပူအခိုးအငွေ့အချို့မှာ အာကာသအတွင်းသို့ ပျံ့လွင့်သွားကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

မကြာသေးမီ နှစ်များအတွင်း မြောက်ဝင်ရိုးစွန်းဒေသ၌ လျင်မြန်စွာ ပိုမိုပူနွေးလာကြောင်း၊ အာတိတ်ဒေသ၌ ပိုမိုပူနွေးလာခြင်းသည် ဝင်ရိုးစွန်းဝက်ဝံများအတွက် သာမက ကမ္ဘာ့နေရာဒေသများအားလုံးအတွက် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ပက်ထရစ်က ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

အာတိတ်ဒေသ၌ ကမ္ဘာ့လေထုလွှာ အခြေအနေကို လေ့လာနေသော သုတေသီတစ်ဦး။

(ဓာတ်ပုံ-အင်တာနက်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၂ - ၄ - ၂၀၁၁)

ချောက်	၄၁	ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၁	ဒီဂရီစင်တီဂရိတ်
ဇောင်းတူ	၄၁	ဒီဂရီစင်တီဂရိတ်

နေ့အပူချိန်များ တိုးလာနိုင်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။



ချာနိုဘိုင်းလ် နျူကလီးယားဓာတ်အားပေး စက်ရုံအခြေအနေ အန္တရာယ်ပေးနိုင်ဆဲဖြစ်

သတင်း စာမျက်နှာ -၉

နိုင်ငံတကာ မိခင်ကမ္ဘာမြေနေ့ ကမ္ဘာ့နိုင်ငံများ၌ ကျင်းပ

သတင်း စာမျက်နှာ -၉

ထိုင်းတံခွန်စိုက် ဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲဝင်ရန် မြန်မာပြေးခုန်ပစ်အဖွဲ့ ထွက်ခွာ

သတင်း စာမျက်နှာ -၁၁

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့က မန်ယူကို ဖိအားပေးနေဦးမည် အသင်းတိုင်းအတွက် အမှားခံ၍မရတော့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၄)

သတင်း စာမျက်နှာ - ၁၁